
http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။




---------------------------------------- သို့

လေးစားချစ်ခင်စွာ

နိုင်စာပေ
အမှတ်(၂၂)၊ ပန်းဆိုးတန်းလမ်း
ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၉၇၇၀

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

ချစ်နိုင်(စိတ်ပညာ)

# ခေါင်းဆောင်မှုပညာ သိကောင်းစရာ

ရှိုဇ

စာပေ

## ဒို့အရေး အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

နိုင်စာပေ၊ စာအုပ်အမှတ် (၁၂)
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၄၀၅၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၂၄၉၀၅၀၄
ပုံနှိပ်ခြင်း
ပထမအကြိမ် - အုပ်ရေ(၃၀၀၀)
၂၀၀၅ ခုနှစ်၊ ဇွန်လ
မူပိုင်
ဦးချစ်နိုင်
စီစဉ်သူ
ဦးသိန်းထွန်း
ထုတ်ဝေသူ
ဦးကောင်းထိုက်၊ နိုင်စာပေ
အမှတ် (၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
မျက်နှာဖုံးဒီဇိုင်း - ဦးသန်းထွန်းနှင့်အဖွဲ့
ပန်းချီ - ဝသုန်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
မာကျူရီ ပုံနှိပ်တိုက်
အမှတ် (၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့
ဖလင်
ထက်ထက်စံ
ဖြန့်ချိရေး
နိုင် စာပေ၊ အမှတ် (၂၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
ဖုန်း - ၃၇၉၇၇၀၊ ၂၅၂၄၅၀

တန်ဖိုး ၅၀၀ ကျပ်

# မာတိကာ

| | | |
|---|---|---|
| ၁။ | ခေါင်းဆောင်ရင်ဆိုင်ရမည့်အရာများ | ၁ |
| ၂။ | အလယ်အလတ်ခေါင်းဆောင်များ | ၉ |
| | အမြဲရင်ဆိုင်ရမည့် ပြဿနာ | |
| ၃။ | ဤ ကို ကျွဲဖတ် | ၁၆ |
| ၄။ | ဘာကို ရွေးမှာလဲ ? | ၂၂ |
| ၅။ | အလျှင်လိုသော် - | ၂၇ |
| ၆။ | သာယာကုန်းရွာသို့တစ်ခေါက် | ၃၅ |
| ၇။ | သကြိန်အတွေး | ၄၄ |
| ၈။ | အနုအလှနဲ့ အကြမ်းအရိုင်း | ၅၀ |
| ၉။ | ရုပ်ရှင်ဇာတ်ကားတစ်ခု၏ အရသာ | ၅၇ |
| ၁၀။ | စာအုပ်ပြပွဲမှအပြန် | ၆၂ |
| ၁၁။ | ဘာလဲ ? သူ၏ကမ္ဘာ | ၇၀ |
| ၁၂။ | ခိုင်မာသောအုတ်မြစ် | ၇၇ |
| ၁၃။ | ရွှေရောင်အခွင့်အလမ်း | |
| | ပွင့်လန်းတော့မည်။ | ၈၄ |
| ၁၄။ | ဟောပြောပွဲခရီးများ | ၉၂ |
| ၁၅။ | အဆန်လမ်း၊ အစုန်လမ်း | ၉၉ |
| ၁၆။ | ဩဇာသီး၊ ငှက်ပျောသီး၊ | ၁၀၅ |
| | သရက်သီးပေါ်တဲ့နှစ် | |
| ၁၇။ | ပညာဖြင့်အသက်မွေးပါ။ | ၁၁၁ |

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## ချစ်နိုင် (စိတ်ပညာ)

ချစ်နိုင်(စိတ်ပညာ)ကို မြန်မာပြည်အလယ်ပိုင်း၊ ချောက်မြို့နယ်၊ ကြီးနိုကျေးရွာ၌ ဖခင် အလယ်တန်းပြ ကျောင်းဆရာ ဦးမာတင်နှင့် မိခင် ဒေါ်အေးသတို့က ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မွေးဖွားသည်။

ကြီးနိုရွာအလယ်တန်းကျောင်း၊ ချောက်မြို့ အမှတ် (၁) အထက်တန်းကျောင်း၊ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။

ဝိဇ္ဇာဘွဲ့ (စိတ်ပညာအဓိက)ရပြီး ဗိုလ်သင်တန်းတက်ကာ တပ်မတော်(ကြည်း)တွင် အရာရှိအဖြစ် စစ်မှုထမ်းသည်။ စစ်မှုထမ်းကောင်း တံဆိပ်ရခဲ့သည်။ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံများသို့ လေ့လာရေး ရောက်ခဲ့သည်။

၁၉၈၄ခုနှစ်မှ စတင်၍ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားသည်။ ဆောင်းပါးများကို စုစည်းရွေးချယ်ပြီး စာအုပ်များထုတ်ဝေခဲ့ရာ " **ချစ်လို့ပြောတာမှတ်ပါ** " စာအုပ်မှစ၍ အုပ် (၅၀) ခန့် ရှိပြီဖြစ်ပါသည်။

၁၉၉၆ခုနှစ်အတွက် လူငယ်ဆိုင်ရာစာပေ အမျိုးသားစာပေဆုကို " **ချစ်လို့ပြောတာမှတ်ပါ** "စာအုပ်ဖြင့် ရရှိခဲ့သည်။

၁၉၉၇ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၂၀၀၀ပြည့်နှစ်၊ လွတ်လပ်ရေးနေ့တွင် စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်ခြင်း ခံရသည်။ စာကြည့်တိုက်များ ထွန်းကားပြန့်ပွားရေးကို ထက်သန်စွာ အားပေးလှုံ့ဆော်စည်းရုံးလျက် ရှိပါသည်။ ပြည်သူလူထု ဗဟုသုတ အသိပညာ မြင့်မားမှ နိုင်ငံတော် တိုးတက်ကြီးပွားမည်ဟု ခံယူသည်။



## စေါင်းဆောင်ရင်ဆိုင်ရမည့် အရာများ

" ကိုကောင်းရေ "

" ခင်ဗျာ . . . ကိုလှိုင် "

" သူငယ်ချင်းနဲ့ ကျွန်တော်နဲ့ ဟောဒီဂျာနယ်စာမျက်နှာပေါ်မှာ ရောက်တတ်ရာရာတွေ ပြောကြရအောင်ဗျာ "

" ဟာ . . . မလုပ်ပါနဲ့ - ကိုလှိုင်ရယ်။ စက္ကူဆိုတာ ချွေတာရမယ့်ပစ္စည်းအမျိုးအစားတစ်ခုပဲ။ မလိုအပ်ဘဲ လျှာရှည်တာမျိုး စာမျက်နှာပေါ်မှာ မလုပ်အပ်ပါဘူး။ အကျိုးရှိတဲ့ အကြောင်းအရာမျိုးတွေကို တိုတိုရှင်းရှင်းနဲ့ စာဖတ်သူစိတ်ချမ်းသာကြည်နူးရအောင် ဆွေးနွေးကြမှ သင့်တော်မယ်ထင်တယ် "

" ကောင်းပေ့ဗျာ ကောင်းပေ့။ ကိုကောင်းပြောတာ သဘောတူတယ်ဗျ။ ဘာကစ, ပြီး ပြောဆိုကြမလဲ။ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ လူငယ်တွေအတွက် အကျိုးသက်ရောက်မှု ကောင်းတဲ့အကြောင်းအချက်တွေကို စဉ်းစားပြီး ပြောဆိုကြရင် ဆီလျော်မယ်ထင်တာပဲ ”

“ ဟုတ်ပေ့ဗျာ ဟုတ်ပေ့။ ကိုကောင်းအယူအဆကို ကျွန်တော်လည်း သဘောတူမှုပေးတယ်ဗျ။ ကဲ . . . သူငယ်ချင်းကပဲ စပြီး ဆွေးနွေးပေတော့ . . . ”

“ အာဆူလာမတ်ဟမ်း Ursula Markharm ဆိုသူရေးတဲ့ HOW TO DEAL WITH DIFFICULT PEOPLE စာအုပ်ကို ဒေါက်တာကျော်စိန်က ဘာသာပြန်ပြီး တူဒေးစာအုပ်တိုက်က ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလမှာ ထုတ်ဝေတယ် ”

“ ဆက်ပါဦးဗျာ ”

“ ထိုစာအုပ်လို့ပင် ယူဆရတဲ့ မူရင်းမှ ဆရာကြီး ပါမောက္ခ ဦးခင်မောင်သန်း(စိတ်ပညာ)က ဓနမဂ္ဂဇင်းမှာ ကာတွန်းမောင်ဝဏ္ဏ သရုပ်ဖော်ပုံလေးတွေနဲ့ လစဉ်အခန်းဆက်ဘာသာပြန် မိုငြမ်းရေးသားခဲ့ပြီး မြတ်ဝတ်ရည်စာပေမှ စက္ကူအဖြူချော၊ ဝုဖရီးနဲ့ ပေါင်းချုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့တယ်ဗျ ”

“ အမိန့်ရှိပါဦးသူငယ်ချင်းရာ ”

“ ဆရာကြီးဒေါက်တာကျော်စိန်နဲ့ ဆရာကြီး ဦးခင်မောင်သန်းတို့ဟာ စိတ်ပညာပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်သွားခဲ့ကြတဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြတယ် ”



“ ဟုတ်တယ် ”

“ သူတို့ဟာ စိတ်ပညာဘာသာရပ်မှာ အထူးပြုကျွမ်းကျင်ကြတဲ့ ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်ကြတယ် ”

“ မှန်တယ် ”

“ သူတို့နှစ်ဦးစလုံးဟာ အမေရိကန်ပြည်ထောင်စုမှ ဘွဲ့လွန်ဒီဂရီတွေ ရယူခဲ့ကြရာမှာလည်း တူညီကြတယ် ”

“ ဩော် . . . ဟုတ်တာပေါ့ ”

“ ဒေါက်တာကျော်စိန်နဲ့ တက္ကသိုလ်ဘုန်းနိုင်တို့က ကျောင်းနေဘက် ငယ်ပေါင်းသူငယ်ချင်း။ ဦးခင်မောင်သန်းက တက္ကသိုလ်ဘုန်းနိုင်ရဲ့ တပည့်အရင်း။ ထို့ကြောင့် ဒေါက်တာကျော်စိန်နဲ့ ဦးခင်မောင်သန်းတို့ဟာလည်း ရန်ကုန်နဲ့ မန္တလေး စိတ်ပညာဌာနနှစ်ခုတို့မှာ ပါမောက္ခညီအစ်ကို အတူတကွ လုပ်ခဲ့ဖူးကြသူတွေမို့ ရင်းနှီးခင်မင်ကြတဲ့ သူငယ်ချင်းပါပဲ ”

“ အေးနော် - ဟုတ်တာပေါ့ ”

“ ဆရာကြီးနှစ်ဦး တိုင်ပင်မထားဘဲနဲ့ ဒီအကြောင်းအရာတစ်ခုတည်းကို တိုက်တိုက်ဆိုင်ဆိုင် နှစ်ဦးစလုံး ဘာသာပြန်ဆိုပြီး ရေးသားထုတ်ဝေခဲ့ကြတာကို ထောက်ချင့်ရင် . . . ‘ **ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများ** ’ ဟာ ဘယ်လောက် လူ့လောကမှာ အရေးပါသလဲ စဉ်းစားကြည့်ပေရော့ ”

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



" ဟုတ်ပါရဲ့ဗျာ။ ဖတ်သင့်တဲ့ ဗဟုသုတဖြစ်မှာပေါ့ "

" စာအုပ်တွေ ထုတ်ဝေတာ တစ်နှစ်နီးပါးတောင် ကြာခဲ့ပြီမို့ ကျွန်တော်က ကြော်ငြာနေတယ်တော့ မထင်နဲ့ဗျို့။ အဲဒီစာအုပ်တွေက ကုန်နေလောက်ပါပြီ "

" အထင်မလွဲပေါင်ဗျာ "

" ဆရာကြီးနှစ်ဦးစလုံးဟာ စာရေးကောင်းကြသူများဖြစ်ပြီး သူတို့ရဲ့ ကလောင်ကို စာဖတ်သူအားလုံးက, လေးစားနှစ်သက်ခဲ့ကြသူများလည်း ဖြစ်ပါတယ် "

" မှန်ပါရဲ့ဗျာ "

" နိဒါန်းတွေ ရှည်သွားပြီ။ ခွင့်လွှတ်ဗျာ၊ အနှစ်သာရက အခုမှလာပြီ။ ဩဇာအာဏာရှိသူများနဲ့ ဆက်ဆံရတဲ့အခါ ယောင်ဝါးဝါးနဲ့ စိတ်ရှုပ်ထွေးလျက်ရှိတဲ့ ဩဇာတိက္ကမရှိသူရဲ့ လက်အောက်တွင် အလုပ်လုပ်ရခြင်းလောက် စိတ်ပျက်ဖွယ်ကောင်းသည့်အရာမရှိတဲ့။ ဒေါက်တာကျော်စိန် ပြန်တဲ့ '**ပေါင်းသင်းရခက်သူတို့နှင့် အဆင်ပြေစွာ ဆက်ဆံနည်းများ**' စာအုပ်ထဲမှာ ဖတ်ရတယ် "

" ဟုတ်ပြီ။ အကယ်၍ မိမိသည် ခေါင်းဆောင်သူဦးစီးရသူ ဖြစ်လာခဲ့သော် - ယောင်ဝါးဝါးနဲ့ စိတ်ရှုပ်ထွေးတတ်သူ မဖြစ်စေနဲ့။ တိကျပြတ်သားပါစေလို့ အဓိပ္ပါယ်ကောက်ပြီး သင်ခန်းစာယူသင့်တယ် "

" အကယ်၍ သင်သည် ဩဇာတိက္ကမ ရှိသူ အထက်



အရာရှိနှစ်ဦးထံမှ အချင်းချင်း ဆန့်ကျင်သော ညွှန်ကြားချက်နှစ်ခုရရှိသည်ဆိုပါစို့။ ထိုအခါတွင် ယင်းပုဂ္ဂိုလ်နှစ်ဦးစလုံး အားသွားရောက်တွေ့ဆုံ၍ မည်သူ၏ ညွှန်ကြားချက်ကို ဦးစားပေးလုပ်ဆောင်ရမည်နည်းဟု ဖြောင်ဖွင့်မေးပါ။ ဤသို့ မေးမြန်းခြင်းဖြင့် မည်သူက မည်သူ့အပေါ် ဩဇာလွှမ်းမိုးသည်ကို သင်ကိုယ်တိုင် သိရှိနိုင်ပါလိမ့်မည်တဲ့ဗျ "

" ကောင်းသဗျာ။ ဒါမျိုးတွေဟာ အသင်းအပင်း၊ အဖွဲ့အစည်းတိုင်းမှာ ဇဝေဇဝါ ကြုံတတ်ကြတာတွေပဲ။ မရှင်းမလင်းနဲ့ မြုံစိစိလုပ်နေရင် တစ်ယောက်နဲ့တစ်ယောက် သံသယတွေဝင်ပြီး ပိုမိုရှုပ်ထွေးစေပါတယ်။ အခုလို ဖြောင်ဖွင့်မေးတဲ့နည်းလမ်းဟာ အကောင်းဆုံးပေါ့နော် "

" ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်ကျင့်ဝတ်တွေ အရည်အချင်းတွေ ညီညွတ်ပြည့်စုံရပါတယ် "

" မှန်တာပေါ့ "

" အကယ်၍ - မိမိအဖွဲ့အစည်းကို ခေါင်းဆောင်တာဝန်ယူထားသူ တစ်ဦးဦးက အထောက်အကူ မပြုတော့ဘူးဆိုရင် . . . မကြာမီပင် ငယ်သားများရဲ့ ယုံကြည်ကိုးစားမှုနဲ့ လေးစားယုံကြည်မှုတို့ကို လက်လွှတ်ဆုံးရှုံးရတော့မည်ဖြစ်ပါသည် - တဲ့။ "

" ဒါဟာလည်း သိသင့်သိထိုက်တဲ့ ဗဟုသုတတစ်ခုပဲဗျာ။ ခေါင်းဆောင်ဟူသည် အဖွဲ့ဝင်အုပ်စုဝင် လူပုဂ္ဂိုလ်များရဲ့ လေးစားချစ်ခင်၊ ယုံကြည်အားကိုးမှု ရှိမှသာ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



စီမံကွပ်ကဲ ညွှန်ကြားလို့ကောင်းတာကိုး "

"ဩဇာအာဏာရှိသူ ဖြစ်ရခြင်းမှာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ လက္ခဏာအင်္ဂါရပ်တွေ ရှိရမယ် "

" ဟုတ်တာပေါ့သူငယ်ချင်း "

" အောက်ပါအချက်များ ပြည့်စုံသင့်တယ် -

(၁) ဆက်သွယ်ရေးကောင်းမွန်သူဖြစ်ရမယ်။
(၂) အဆင့်အသီးသီးတွင် ရှိနေကြသူများနှင့် အဆင်ပြေစွာ ဆက်ဆံတတ်သူ
(၃) သူ့ပတ်ဝန်းကျင်ရှိ လူအားလုံးအပေါ် သစ္စာစောင့်သိသူ
(၄) ချီးကျူးသင့်သူကို ချီးကျူးတတ်သူ
(၅) ကိုယ်စားတာဝန်လွှဲအပ်နိုင်စွမ်းရှိသူ
(၆) စေ့စော်နိုင်စွမ်းရှိသူ
(၇) မိမိဘဝကို အလုပ်တွင် နှစ်မြှုပ်ထားတတ်သူ
(၈) အခက်အခဲတို့ကို ရင်ဆိုင်နိုင်စွမ်းရှိသူ
(၉) အဖွဲ့ဝင်အားလုံးကို ကိုယ်စားပြုနိုင်သူ
(၁၀) မိမိတာဝန်ကို ကျေပွန်စွာ ယူတတ်သူ ဖြစ်ကြောင်း ထင်ရှားပြသတတ်သူ/ပြသနိုင်သူ
(၁၁) အဖွဲ့ဝင်တစ်ဦးချင်းအပေါ် စိတ်ဝင်စားမှု ပြသတတ်သူ
(၁၂) လေ့ကျင့်သင်တန်းပေးမှုကို သူကိုယ်တိုင်ပင် ဆောင်ရွက်တတ်သူ၊ တစ်ခါတစ်ရံတွင် ကျွမ်း



ကျင်သူများကို ဆောင်ရွက်စေရန် တာဝန်ပေးတတ်သူ တဲ့။

" ဒီအချင်းအရာတွေ သိရှိရတာ အကျိုးများလှပါသဗျာ။ သိရုံသာမဟုတ်၊ လက်တွေ့အလုပ်ခွင်မှာပါ တကယ်ကျင့်သုံး/အသုံးချရမယ့် အလုပ်လမ်းညွှန်တွေပဲ "

" ခေါင်းဆောင်တစ်ဦးဖြစ်လာရပြီဆိုရင် မလွဲမသွေ ရင်ဆိုင်ဖြေရှင်းရမယ့် အခက်အခဲတွေက အဆင်သင့် စိန်ခေါ်နေတာဗျ "

ဟုတ်ရဲ့လား ဘယ်လိုပြဿနာတွေလဲ ? "

(၁) သဘောထားနဲ့ အပြုအမူဆိုင်ရာ ပြဿနာရှိသူများ
(၂) အပြောင်းအလဲမှန်သမျှကို မနှစ်သက် လက်မခံတတ်သူများ
(၃) နှောင့်နှေးကြန့်ကြာတတ်သူများ
(၄) အချိန်ဖြုန်းသူများ
(၅) စွဲမြဲစွာ အလုပ်ခွင် ပျက်ကွက်သူများ
(၆) ခေါင်းဆောင်အပေါ် အမြင်မကြည်လင်သူများ
(၇) ထပ်တလဲလဲ အမှားကျူးလွန်တတ်သူများ
(၈) လွန်ကဲစွာ မသေသပ် မတိကျသူများ
(၉) ကိုယ်ရည်ကိုယ်သွေး ပဋိပက္ခရှိသူများစတဲ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လူအမျိုးမျိုး အတွေ့အကြုံနဲ့ မလွဲမသွေဆက်ဆံထိတွေ့ရမယ် ဗျာ '

'ဒါတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ရမယ်ပေါ့နော် '

'ဒါပေါ့ဗျာ. . . အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းရင်းနဲ့ ခေါင်းဆောင်ဆိုတာ စွမ်းရည်များ ပိုမို တိုးတက်ပြီး မိမိကိုယ်ကိုယုံကြည်မှု ပိုမိုမြင့်မားလာမှာ ဖြစ်ပါ တယ်ဗျာ '

' ခင်ဗျား ကောက်နုတ် ဆွေးနွေးတာတွေဟာ မှတ်သားစရာ၊ ကျင့်သုံးစရာ၊ လိုရင်းတိုရှင်းအချက်တွေပါပဲ သူငယ်ချင်းရာ၊ ကျေးဇူးတင်ပါတယ် '

**ချစ်နိုင်(စိတ်ပညာ)**
**၂၅-၈-၂၀၀၃**

♣ ♣ ♣



# အလယ်အလတ်ခေါင်းဆောင်များ အမြဲရင်ဆိုင်ရမည့်ပြဿနာ

" ဗျို့ ကိုအောင် "

" ဗျာ . . . ကိုဝိုင်း "

" ခင်ဗျားကို ပြဿနာတစ်ခု မေးချင်လို့ဗျ "

" မေးပါခင်ဗျာ၊ ဖြေရှင်းနိုင်တာဆို ဖြေပေးပါမယ်။ မဖြေနိုင်သေးရင်လည်း ကျွမ်းကျင်နားလည်တဲ့ ဆရာသမား များ၊ အတွေ့အကြုံ ရင့်ကျက်သူများ၊ မေးမြန်းနာယူပြီး ဖြေရတာပေါ့ "

" ကြိုက်သွားပြီ . . ကျွန်တော်က အဲသလိုလူစားပဲ သဘောကျတယ်။ ပြဿနာကို ရှောင်ဖယ်ဖယ်နဲ့လုပ်ရင် ကျွန်တော် သိပ်အမြင်ကပ်တယ်ဗျ "

" လာမယ့်ဘေး ပြေးတွေ့ဆိုတဲ့စကားပုံ ရှိသားဥစ္စာ၊

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပြဿနာဆိုတာ ကြောက်စရာ မဟုတ်ပါဘူး၊ အဖြေရှာ ဖြေရှင်းစရာပါပဲ ”

“ ဟုတ်တယ်. . . ဟုတ်တယ်၊ ကိုအောင်ပြောတာ သဘာဝကျတယ်။ ပြဿနာက ဒီလိုဗျ။ ကျွန်တော်လည်း အရာရှိငယ်ဘဝ၊ အတန်အသင့် တာဝန်ခံရတဲ့ အရာရှိဘဝ၊ အတွေ့အကြုံ ရှိခဲ့တာပါပဲ။ သို့ပေမယ့် ကျွန်တော်တို့ ကြုံရတဲ့ အခက်အခဲက ရည်မှန်းချက်တာဝန်က အရှေ့ကိုသွားဖို့ အုပ်စုနဲ့ ကျေနပ်အားရပျော်ရွှင်မှုက အနောက်ကိုသွားဖို့ တစ်ခါတစ်ရံ ကွာဟကွာခြားနေတဲ့ လားရာချင်း ညှိရတဲ့ အခြေအနေပဲ ”

“ ဟုတ်တယ်ကိုဝိုင်းရေ၊ ရည်မှန်းချက် တာဝန်ဆိုတာက ချပေးလိုက်တာဖြစ်တယ်။ မိမိကို တာဝန်ပေးအပ်သူက အမိန့် သို့မဟုတ် ညွှန်ကြားချက်အဖြစ် ပေးလိုက်တာမျိုး ဖြစ်ပါတယ်။ မိမိရဲ့နေရာက အမိန့်နာခံရုံပဲ။ သို့သော် မိမိခေါင်းဆောင်တဲ့ အသင်းအဖွဲ့အနေနဲ့ ဒါကို လိုက်နာအကောင်အထည်ဖော်ဖို့ရာက အခြေအနေမပေးသေးဘူး။ အရည်အချင်း မမီသေးဘူး။ စိတ်ပါဝင်စားခြင်း မရှိကြသေးဘူး။ ဒါမျိုးတွေဟာ ကြုံရတတ်ပါတယ် ”

“ မှန်လိုက်လေ သူငယ်ချင်းရေ. . . ဆက်ပါဦး ”

“ အဲဒီအခါ လုပ်နိုင်တာက အချိန်စောင့်သင့်ရင် စောင့်၊ အချိန်ရအောင် အထက်ကို ခွင့်ပြုချက်တင်ပြတောင်းခံ ”



“ ဒါလည်းတစ်နည်းပေါ့လေ။ ”

“ အချိန်ဆွဲပြီး တိုးတက်မှု မရှိလို့လည်းမရ။ ရည်မှန်းချက်တာဝန်ကတော့ မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်ရမှာကိုး။ ဒီတော့ လက်အောက်ငယ်သားများကို မိမိယုံကြည်သလို ယုံကြည်အောင်၊ မိမိနားလည်သလို နားလည်အောင်၊ မိမိခံယူသလို ခံယူအောင်၊ မိမိစိတ်အား ထက်သန်သလို “ **ဦးလည်မသုန်** ” မဆုတ်မနစ် ကြိုးစားအားထုတ်အောင် ဆွဲဆောင်စည်းရုံးရတော့တာကိုး ”

“ မှန်ရဲ့ဗျာ ”

“ တစ်ချို့က ဟောပြောတာပဲ။ မရပါဘူး။ ခက်တာပဲလို့ ညည်းညူတတ်ကြတယ် ”

“ ဟုတ်ပ့ါဗျာ ”

“ ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာဆိုတဲ့ အများအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူ ဆရာဝန်ကြီးတစ်ဦး ရှိဖူးပါတယ်။ အာဖရိကတိုက်ရှိ နီဂရိုးကျေးရွာဆင်းရဲသားများကြားမှာ နှစ်ပေါင်းများစွာ ကိုယ်ကျိုးစွန့်ပြီး ဆေးဝါးကုသခဲ့တယ်။ သူရဲ့ အတွေ့အကြုံအရ ပြောခဲ့တဲ့စကားဟာ အလွန်တရာ အဖိုးတန်တယ်ဗျ ”

“ ဘာတဲ့လဲ ”

“ **သူတစ်ပါးအပေါ် ဩဇာညောင်းဖို့ စံနမူနာပြသခြင်းဟာ အဓိကအရာမဟုတ်ပါဘူးတဲ့။ တစ်ခုတည်းသောအရာပဲဖြစ်တယ်တဲ့** ”

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ဟာ သိပ်တိကျရှင်းလင်းတာပဲနော် "

" ဒေါက်တာအဲလ်ဘတ်ရှိုက်ဇာလို့လည်း အချို့က ခေါ်တဲ့ အဲဒီဆရာဝန်ကြီးက ပြောသေးတယ်။ တာဝန်ဝတ္တရားအပေါ် မှန်ကန်တဲ့ သဘောထားနဲ့ ပတ်သက်လို့ မိဘများက သားသမီးများကို အကောင်းဆုံး လက်ဆင့်ကမ်း နိုင်တဲ့ နည်းလမ်းသုံးသွယ်ရှိပါတယ်တဲ့ "

" ဟုတ်ကဲ့ ဘာတွေလဲ၊ ဆက်ပါဦးဗျာ "

" (၁) စံနမူနာပြပါ

(၂) စံနမူနာပြပါ

(၃) စံနမူနာပြသပါတဲ့။ Be Example "

" ဟင် သုံးနည်းသာဆိုတယ် မိဘက သားသမီးအပေါ် နမူနာပြမှုပြသခြင်း၊ စံနမူနာ ယူစေခြင်းချည်းပါပဲလား "

" ဟုတ်တယ်၊ အဖေတူသားဆိုသလိုပဲ၊ မိဘရဲ့ပြသခြင်းက ပြောဆိုဆုံးမခြင်းထက် ပိုပြီး စိမ့်ဝင်စွဲမြဲစေတဲ့သဘောပဲ။ နမူနာပြသတာကလွဲရင် အခြားဟာတွေက အပိုပဲ "

" ဩော် သားသမီးမကောင်း မိဘခေါင်းလို့ ရှေးမြန်မာပညာရှိများ ဆိုရိုးစကား ထားရှိခဲ့တာ ဒါပဲပေါ့ "

" မှန်တယ် ကိုဝိုင်းရဲ့။ မိမိရဲ့လက်အောက်ငယ်သား အဖွဲ့ဝင်များကို အောင်မြင်စွာခေါင်းဆောင်ချင်တဲ့ ခေါင်းဆောင်သူဟာ စံနမူနာပြသခြင်းတစ်ခုတည်းသော နည်းလမ်းအားဖြင့် သာလျှင် တကယ်တမ်း ဗိုလ်လုပ်နိုင်တယ် "



" သဘောပေါက်ပြီဗျို့ " " စစ်ဗိုလ်ဆိုရင် ရန်သူဘယ်လောက် ချေမှုန်းရှင်းလင်းနိုင်သလဲ။ အဲဒီအောင်ပွဲတွေကြောင့် သူ့ရဲ့လက်အောက် ရဲဘော်များက လေးစားကြည်ညို ချစ်ခင်ကြမှာပဲ "

" ဟုတ်တာပေါ့ "

" ရဲအရာရှိဆိုရင် လူဆိုး၊ ရာဇဝတ်သား ဘယ်လောက်ကို ဖမ်းဆီးရှင်းလင်းနိုင်သလဲ။ အမှုအခင်း မဖြစ်ပေါ်အောင် ဘယ်လောက် ထိထိရောက်ရောက် ကြိုတင် ကာကွယ်နိုင်သလဲ။ အဲဒီအောင်မြင်မှုတွေကြောင့် သူ့ရဲ့ငယ်သား ရဲဘော်ရဲဘက်များက ချစ်ခင်ကြည်ညိုလေးစားကြမှာပဲ "

" ဟုတ်ပြီ ဟုတ်ပြီ ပိုပြီးသဘောပေါက်လာပြီ "

" ပညာရေးဆိုင်ရာ ကျမ်းစာ အဆိုအမိန့်များမှာ မှတ်သားဖူးတဲ့ စကားတစ်ခွန်းရှိတယ် သူငယ်ချင်းရဲ့ "

" ပြောပါဦးခင်ဗျာ "

" အသက်အရွယ် အမျိုးမျိုးအစုံစုံက ကလေးတွေအားလုံးမှာ တူညီမှုတစ်ခုရှိတယ်ဆိုတာ စိတ်ထဲမှာသေသေချာချာ မှတ်ထားရပါမယ်။ အဲဒါဘာလဲဆိုတော့ **သူတို့ကို အကြံပေးရင် နားပိတ်ထားတတ်ပြီး စံနမူနာပြရင်တော့ သူတို့က မျက်စိဖွင့်ကြည့်ကြတယ်**တဲ့ခင်ဗျာ "

" ဟားဟား တယ်အဖိုးတန်တဲ့ ဩဝါဒ စကားဗျာ။ ခေါင်းဆောင်မှု အရည်အသွေးဖြည့်ဆည်းလိုသူအတွက် ပင်မအခြေခံစည်းမျဉ်း ဥပဒေသကို နားလည်သိမြင်ရတာပဲ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ဟုတ်တယ် ကိုဝိုင်း။ လက်အောက်ငယ်သားများကို အထက်က ညွှန်ပြတဲ့ ပန်းတိုင်ဆီသို့ သဲသဲကွဲကွဲ ပီပီပြင်ပြင်နားလည်သိမြင်အောင် ရှင်းပြဖို့၊ အတွေးအမြင် ခံယူချက်နဲ့ လုပ်နည်းလုပ်ဟန်တွေ တူညီဖို့၊ အောင်မြင်ပြီး မြောက်ရမယ်ဆိုတဲ့ ယုံကြည်ချက်ခိုင်မာဖို့ "

" ဘာဖြစ်လို့ ဒါတွေလိုတာလဲ "

" ရည်မှန်းချက်နဲ့ မိမိအုပ်ချုပ်ရတဲ့ အုပ်စုနဲ့က တစ်ထပ်တည်းကျဖို့ဆိုပါတော့ "

" ဩော် . . . ဟုတ်ပြီ၊ ဒါမှသာ ပြီးပြည့်စုံတဲ့ အောင်မြင်မှုကို ရနိုင်မယ်နော် "

" မှန်ပါတယ်။ ဦးတည်ချက်လည်း ထမြောက်အောင်မြင်ရမယ်။ လက်အောက်ငယ်သားတွေကလည်း လက်ခံကျေနပ်ပြီး အားတက်ပျော်ရွှင်ရမယ်။ ဒါမျိုးမှ အပြည့်အဝ အောင်မြင်မှု ရတယ်လို့ ခေါ်ဆိုနိုင်ပါတယ် "

" ရှင်းပါဦး သူငယ်ချင်းရာ "

" ရည်မှန်းချက်တော့ အကောင်အထည်ပေါ်ပါရဲ့။ မိမိလက်အောက်က ရဲဘော်ရဲဘက်တွေက မကျေနပ်ကြဘူး။ စိတ်ဆင်းရဲနေကြရတယ်ဆိုရင် တစ်ဝက်ပဲအောင်မြင်တယ်လို့ ဆိုရမှာပေါ့ "

" ဟုတ်ပေသားပဲ "

" သတ်မှတ်ထားတဲ့ ရည်မှန်းချက်တော့ မပြီးစီးလာခဲ့ဘူး။ ငယ်သားတွေက ပေါ့ပေါ့ ဆဆ၊ လွတ်လွတ်လပ်လပ်



နဲ့ အခက်အခဲ အကြပ်အတည်း ဘာမှ မကြုံရလို့ ကျေနပ်နေကြတယ်။ (ပန်းတိုင်မရောက်တာ သူတို့နဲ့တာဝန် မဆိုင်သကဲ့သို့ပဲ) အေးဆေးဘဲဆိုတဲ့ အနေအထားမျိုးကျတော့ လူပြိန်းကြိုက် ခေါင်းဆောင်မှုပဲ ခေါ်ရတယ်။ လုပ်ငန်းမှာ မအောင်မြင်နိုင်ဘူး "

" ဟုတ်တာပေါ့ဗျာ။ အားနည်းတာပေါ့ "

" ဒါကြောင့်မို့လို့ အလယ်အလတ်တန်းခေါင်းဆောင်များဟာ အစဉ်သဖြင့် မိမိရဲ့ ရည်မှန်းချက် ပန်းတိုင်နဲ့ အုပ်စုရဲ့ လိုအင်ဆန္ဒကို ဟန်ချက်ညီပြီး တစ်ထပ်တည်းကျနေအောင် အဆက်မပြတ် ကြိုးကြပ်ကွပ်ကဲဖြေရှင်းရမှာဖြစ်ပါတယ်။ မကင်းမကွာ ထိတွေ့ထင်ဟပ်နေရမယ် "

" အင်း . . . ကွင်းလယ် ကစားသမားတွေရဲ့ ကျွမ်းကျင်မှုနဲ့ အားကစားစွမ်းရည်တွေဟာ အနိုင်ဂိုးတွေ ရရှိဖို့ရော မိမိဘက်က ဂိုးမပေးရရေးအတွက်ကော တယ်ပြီး အရေးကြီးပါကလားဗျို့ "

" မှန်တယ်သူငယ်ချင်း၊ အရေးကြီးတာပေါ့ "

**ချစ်နိုင်(စိတ်ပညာ)**
**ရွှေနိုင်ငံ ဂျာနယ်၊ အတွဲ(၂)၊ အမှတ်(၉)**
**၂၀၀၃ခုနှစ်၊ ဩဂုတ်လ (၁)ရက်**

♣ ♣ ♣

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



# ဤကို ကျွဲဖတ်

" ယနေ့ကြွလာ မိတ်သဟာ ကျန်းမာကြပါစေ "

" ကောင်းသဗျာ "

" ချစ်ခင်လေးစားစွာဖြင့် မေတ္တာပို့သပါတယ်လို့ ပဏာမအနေနဲ့ ဂါရဝပြုပါတယ် ကိုကိုကောင်းရဲ့ . . . "

" မေတ္တာပို့သတာ ကောင်းပါတယ်။ ချစ်ခင်လေးစား စွာဖြင့်လို့ မှားပြောတာကြီးကတော့ဖြင့် ပြင်ဖို့လိုတယ် ကိုဝိုင်း ရေ . . . "

" ရှင်းပါဦးခင်ဗျာ "

" သူငယ်ချင်းမှ မဟုတ်ပါဘူး။ လူတော်တော်များ များဟာ အမှားကြာလို့ အမှန်ထင်ပြီး ပေါ့ပေါ့လွယ်လွယ် သုံးစွဲနေကြတဲ့ အမှားလေးတွေ များစွာတွေ့ရတတ်ပါတယ်။ ဒါလည်း ဘာမှမခက်ခဲပါဘူး။ မသိခင် သုံးနှုန်းမိပေမယ့် သိရင် ပြုပြင်လိုက်ရုံပါပဲဗျာ၊ အမှားအယွင်း ကင်းစင်တော့ တိကျစွာ ထိရောက်သွားတာပေါ့ "

" မှန်ပါ့ခင်ဗျာ "



" ချစ်ခင်လေးစားစွာဆိုရင် လုံလောက်ပါတယ်။ "

" ဟုတ်ကဲ့လား "

" **ချစ်ခင်လေးစား**ဆိုတဲ့ ကြိယာကို **စွာ** ဆိုတဲ့ ပုဒ် ပေါင်းထည့်လိုက်ခြင်းအားဖြင့် ကြိယာဝိသေသနပုဒ်ဖြစ်သွား တာကိုး "

" ဟုတ်ကဲ့ "

" **မေတ္တာပို့ပါတယ်**ဆိုတဲ့ လုပ်ခြင်းပြတဲ့ ကြိယာကို ဘယ်လိုပို့သလဲ အထူးပြုသင့်တယ်ပေါ့။ ချစ်ခင်လေးစားစွာ ပို့ပါတယ်။ ဒီလိုမဟုတ်လား "

" မှန်ပါ့ခင်ဗျာ "

" ချစ်ခင်လေးစားမှုနဲ့၊ ချစ်ခင်လေးစားခြင်းဖြင့် ဆိုလည်းတစ်နည်းရတယ်။ မှန်တယ်ခင်ဗျ "

" ရှင်းပါဦး သူငယ်ချင်းရာ "

"**ချစ်ခင်လေးစားမှု၊ ချစ်ခင်လေးစားခြင်း**ဆိုတဲ့နာမ် ပုဒ်ကို **ဖြင့် နှင့်** ဆိုတာနဲ့ တွဲပြီး အသုံးခံသဘော ပြောဆိုနိုင်ပါ တယ်။ နာမ်နဲ့တွဲပြီး **ဖြင့် နှင့်** တို့နှင့် ပေါင်းခြင်းအားဖြင့် ကြိယာဝိသေသနပုဒ် ဖြစ်တာပါပဲ "

" ကောင်းသဗျာ "

" ဒါကြောင့် ချစ်ခင်လေးစားမှုနဲ့ ခြင်းဖြင့် ဆိုတာ ဟာလည်းသဒ္ဒါနည်းလမ်း အမှန်အကန်ပါပဲ "

" ဟုတ်ကဲ့ "

" သို့သော် လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ ပြောကြ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရင်းနဲ့ ချစ်ခင်လေးစားစွာ ဆိုရင် ပြည့်စုံတိကျ မှန်ကန်နေပါလျက်နဲ့ ချစ်ခင်လေးစားစွာဖြင့် ဆိုပြီး သဒ္ဒါနည်းမကျ တစ်ခါတစ်ရံ သုံးနှုန်းလွဲချော်တတ်ကြတာကတော့ သိရင်ပြုပြင်သင့်တယ် "

" ကျေးဇူးတင်တယ် ကိုကောင်းရေ နောင်လည်း ဒါမျိုးတွေ အမှားတွေ့ရင် ပြုပြင်ပေးစမ်းပါ။ ဝမ်းပန်းတသာနဲ့ ကြိုဆိုပါတယ် "

" ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆိုတယ်လား "

" မှန်ပါ့ခင်ဗျာ "

" တစ်နေ့က လူတစ်ယောက် ပြောနေသံ ကျွန်တော်ကြားမိတယ်။ သူ့စကားဟာ စဉ်းစားကြည့်တော့ မှားနေတယ်။ စကားစပ်မိလို့ ပြောတာပါ "

" ပြောဗျာ၊ ကျွန်တော်တို့ ဗဟုသုတ ရတာပေါ့ "

" သူက ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာကြပါစေ "တဲ့။ စဉ်းစားကြည့်ရင် (၇)ရက်သားသမီးများကိုသာ ကွက်ပြီးမေတ္တာပို့သလို ဖြစ်နေတယ်။ မွေးစ ၇ ရက်သားလေးတွေ၊ ၇ ရက်သားသမီး ပေါက်စလေးတွေပေါ့ "

" အေးဗျာ-အဓိပ္ပါယ်က အဲဒီလို ဆိုက်နေတာကိုး "

" အမှန်က ခုနစ်နေ့ဖွား သားသမီးများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဒီလို အဓိပ္ပါယ်ဆိုချင်တာ ဖြစ်ပါလိမ့်မယ် "

" ဟုတ်တယ် "



" ရက်ဟာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ . . . ပေါ့ဗျာ "

" ဟုတ်ကဲ့ "

" နေ့ဆိုတာကမှ တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ အင်္ဂါနေ့ . . စသည်ဖြင့် ခေါ်ဆိုကြတာ မဟုတ်လားဗျာ "

" မှန်တာပေါ့ "

" ဒါကြောင့် အချို့က နေ့စွဲ------လို့ ပေါ့ပေါ့ဆဆ မှားယွင်းသုံးနှုန်းနေမိတာလည်း ရှိသေးတယ်။ အမှန်က ရက်စွဲလို့ရေးမှ၊ ပြောမှ၊ သုံးမှ မှန်ကန်တယ် "

" အလို နေ့နဲ့ ရက်ကို အခုလို ကိုအောင်ရှင်းပြမှပဲ သေသေချာချာ ကွဲပြားပေတော့တယ်ဗျို့ "

" လူအမြင်ကပ်ခံပြီး အမှားတစ်ခု ထောက်ပြလိုက်ချင်သေးတယ် "

" ဘာလဲဗျ "

" ကတ္တားနောက်ဆက်ကို " မှ "တွေ အမှားသုံးနေကြတာ များလွန်းအားကြီးလို့ပါဗျာ "

" ဥပမာပြောပြပါဦး "

" အခမ်းအနားတစ်ခုခုမှာ သဘာပတိ**က** စကားပြောပါလိမ့်မယ်လို့ ပြောရမယ့်အစား သဘာပတိ**မှ** စကားပြောပါလိမ့်မယ်လို့ချည်း ပြောဆို ရေးသား အမှားတွေဖြစ်နေတယ် "

" က လို့ပြောမှ အမှန်ပေါ့နော် "

" သည်၊ က၊ မှာ၊ ကား ဆိုတာဟာ မြန်မာစာ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မြန်မာစကားရဲ့ ကတ္တားနောက်ဆက်ပုဒ်တွေပဲ ”

အဆိုတော် မ ဘယ်သူဘယ်ဝါ**က** သီဆိုပါလိမ့်မယ် ဆိုမှမှန်မှာပေါ့။ အဆိုတော် ဘယ်သူ**မှ** ဖျော်ဖြေပါမယ် ဆိုတာမျိုး၊ မှ တွေချည်း သုံးနှုန်းလွဲချော်နေတာတွေကို မကြာခဏ ကြားရတတ်တယ် ”

“ ဟုတ်ပ့ါဗျာ၊ ကြားရဖန်များလို့ အမှန်ပဲ ထင်မိယောင်မှား ”

“ **မှ**ဆိုတာက ထွက်ခွာရာကို ပြတဲ့ပုဒ်။ ရှေ့ရှုရာကိုပြတဲ့ပုဒ်က **သို့**၊ ရန်ကုန်မှ မန္တလေးသို့ ထွက်မည့် လေယာဉ်ပျံတက်သွားပြီ။ ဟုတ်ရဲ့လား။ **မှ** ဆိုတာအရပ်ဒေသ တစ်ခုခုမှ ထွက်ခွာသွားတဲ့ အဓိပ္ပါယ်ကို ပြဆိုတယ်။ ဘယ်သူက ဘာသီချင်းဆိုပါမယ်။ ဘယ်သူက အမှာစကားပြောမယ် ဆိုတဲ့နေရာမှာ “ **က** ” ကိုသာလျှင် သုံးရမယ်။ ဒါဟာ မြန်မာစာ၊ မြန်မာစကား ရေးထုံးအမှန်ပါ။ ”

“ အေးဗျာ၊ ခင်ဗျားပြောမှအမှန်သိရတာပဲ ”

“ ဟုတ်တယ် ပြောမှသိရတယ်။ ထိမှနာတော့တယ်။ သာမှလာတော့တာပဲ စတဲ့ မှကို သုံးတာရှိပါသေးတယ်။ အဲဒီမှကတော့ ထွက်ခွာရာပြပုဒ် မဟုတ်ဘူး၊ ကြိုးစားမှ အောင်မြင်မည်၊ စည်းကမ်းရှိမှတိုးတက်မည်၊ ဒါမျိုးတွေရေးကြတာမမှားဘူး။ သူက ကတ္တားနောက်ဆက်ပုဒ် နေရာမျိုး၊ အခုလိုသုံးနှုန်းတာ ရှိတတ်ပါတယ်။ ဒါကြောင့် မသဲမကွဲဖြစ်ပြီး သဘာပတိကြီးမှ အခမ်းအနားမှူးသို့ ပြပြင်ပေးဖို့လို



နေတာပေါ့နော် ”

“ မောင်ဖြူက လှူဒါန်းသည်လို့ ကမ္ပည်း မှတ်တမ်းရေးရမှာမျိုး၊ ဦးညိုက ဖွင့်လှစ်သည်လို့ မော်ကွန်းကျောက်စာထိုးရမှာမျိုး အချို့နေရာတွေမှာ အမြင်မတော်စွာ “ **မှ** ”လို့ ရေးမှားနေတာဖတ်ရတော့ မြန်မာစာရေးထုံး အားနည်းနေတာကို သနားမိတယ်ဗျာ ”

“ မြန်မာစာအဖွဲ့က ရေးသားထုတ်ဝေတဲ့ မြန်မာစာ၊ မြန်မာစကား အမည်ရှိ စာအုပ်ကလေးတစ်အုပ်လောက် မြန်ကြားရေးစာကြည့်တိုက်မှ ငှားယူပြီးဖတ်ကြည့်လိုက်ရင် အထက်ဖော်ပြပါ ရယ်စရာ ချွတ်ချော်လွဲမှားခြင်းမျိုးတွေ အားလုံးကင်းစင်သွားပေမှာပဲ ”

“ မြန်မာစာ၊ မြန်မာစကားကိုတော့ ကျွန်တော်တို့ အားလုံး လေးစား လိုက်နာရမှာပဲဗျ။ ရေးထုံး၊ သဒ္ဒါ၊ အသေးစိတ် မလေ့လာနိုင်ရင်တောင်မှ မှားတတ်တာလေးတွေကိုတော့ အခုလို ဗဟုသုတရှိတဲ့ လူနဲ့ ဆွေးနွေးမှတ်သားပြီး ကျင့်သုံးသင့်တာပေါ့ ”

“ ကောင်းပါတယ် သူငယ်ချင်း ”

**ချစ်နိုင်(စိတ်ပညာ)**
**သတင်းစုံဂျာနယ်၊ အတွဲ(၇)၊ အမှတ်(၆)၊**
**၁၈-၁၁-၂၀၀၃**

♣ ♣ ♣

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ဘာကိုရွေးမှာလဲ

" ကိုကောင်းရေ "

" ဗျာ . . . ကိုလှိုင် "

" လူတွေဟာ တူရာတူရာ စုကြတယ်ဆိုတဲ့ သဘောကို တွေ့မြင်ရတယ်ဗျ "

" ရှင်းပါဦးဗျာ "

" အနုပညာဝါသနာပါတဲ့လူက အနုပညာနယ်ပယ်ကို ရောက်လာကြတယ်။ စာပေဝါသနာပါသူက စာပေလောကထဲကို ရောက်လာကြတယ်။ အားကစားကို စိတ်အားထက်သန်သူက အားကစားအသိုင်းအဝိုင်းထဲကို ဝင်သွားကြတယ် "

" အဲဒါမှန်တယ်ဗျို့ "

" မိမိဟာ ဘာကို စူးစူးစိုက်စိုက် ဝါသနာပါသလဲ။ ဘာကို အထုံပါရမီရှိသလဲဆိုတာ သေသေချာချာ ခွဲခြားသိမြင်ဖို့ရာ အထက်တန်းကျောင်းသားအရွယ်မှာ အရေးကြီးတယ် သူငယ်ချင်းရ "



" မှန်ပါ့ခင်ဗျ "

" အချို့ပုဂ္ဂိုလ်တွေဟာ မိမိကိုယ်တိုင် ဘာကိုစိတ်ပါဝင်စားခဲ့မှန်း နားမလည်ခဲ့လေတော့ ရေလိုက်လွဲပြီး မိမိလည်း အချိန်ကုန်၊ မိဘနဲ့နိုင်ငံတော်မှာလည်း ငွေကြေးကုန်ကျ၊ အဲသလိုဖြစ်ကြရတယ် "

" ဘယ်လိုဟာဆိုလိုတာလဲ၊ ရှင်းပါဦးဗျာ "

" ဩော် ---- အင်ဂျင်နီယာတက္ကသိုလ်တက်ပြီး အဆိုတော်ဖြစ်လာတဲ့သူ၊ ဆေးတက္ကသိုလ်တက်ပြီး စာရေးဆရာဖြစ်လာတဲ့သူ၊ သွားဆရာဝန်ဖြစ်ပြီးကာမှ ရုပ်ရှင်သရုပ်ဆောင်ဝင်လုပ်သူစတဲ့ ဘေးချော်ထွက်လာတဲ့ လူစားမျိုးတွေပေါ့ဗျာ "

" ဟာ--ကိုယ်ဝါသနာတကယ်ပါတာကိုပဲ လုပ်မှာပေါ့ဗျာ။ ဆေးပညာတတ်ထားပြီးမှ စာရေးတဲ့စာရေးဆရာတွေလည်း အများကြီးပါပဲ။ အင်တွန်ချက်ကော့၊ အေဂျေကရိုနင်၊ ဒေါက်တာထွန်းရွှေ ကြည်အေး၊ ဆရာဝန်တင်ရွှေ ဒေါက်တာတင်ထွန်းဦး . . . "

" ဟုတ်တယ်။ မိမိတတ်မြောက်ကျွမ်းကျင်တဲ့ပညာကိုဘေးဖယ်ချမထားဘဲ အသုံးချနေတဲ့ပုဂ္ဂိုလ်တွေကို မဆိုလိုပါဘူး။ ၇နှစ် ၈နှစ် လေ့လာသင်ကြားခဲ့ပြီးမှ လုံးဝအသုံးမချတော့ဘဲ အခြားလိုင်းတစ်ခုခုကို ကူးရသူများအဖို့မှာတော့ ဒါဟာ သူလည်း အချိန်ကုန်လူပန်း နစ်နာခဲ့ရတာပဲ။ မိဘနဲ့နိုင်ငံတော်မှာလည်း သူ့အတွက်ငွေကြေးနဲ့နေရာပေးပြီး ပျိုး

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထောင်ခဲ့ရပေမယ့် အသီးအပွင့် မခံစားရဘူး။ ဒါ့ကြောင့်မိမိရဲ့ အထုံပါရမီ၊ ဝါသနာအရင်းခံက စေ့စေ့စီးစီး သိရှိနားလည် အောင်လုပ်ပါလို့ ပြောချင်တာပါ "

" ဟုတ်ပါပြီလေ-လက်ခံပါပြီ "

" ပုဂ္ဂလဓိဋ္ဌာန်အနေနဲ့ ဘယ်သူ့ကိုမှ အပြစ်ပြော လိုခြင်း မဟုတ်ပါဘူး။ မိမိတတ်မြောက်တဲ့ ပညာရော၊ ဝါသနာပါတဲ့ပညာရော ဘက်စုံတော်တဲ့ ထူးချွန်သူမျိုးလည်း ရှိတတ်တာပါပဲ။ ဥပမာ ဆရာဝန်မောင်သင်ပေါ့။ ဆေးကုတာ လည်းတော်တယ်။ စာရေးတာလည်းကောင်းတယ်။ ဟော ရုပ်ရှင်ရိုက်တော့လည်း သရုပ်ဆောင်မင်းသား အနေနဲ့ကော ဒါရိုက်တာအနေနဲ့ပါ အောင်မြင်ပြန်ရော "

" အေးဗျာ-. . . လူတစ်ယောက်ဟာ ဘာသာရပ်၊ ပညာရပ် တစ်မျိုးသာတော်ရမယ်လို့ ပုံသေမှတ်ယူမထား သင့်ဘူးနော် "

" ကျွန်တော်လက်ခံပါတယ်။ စာရေးဆရာဝင်းဦး ဆိုရင်လည်း ရုပ်ရှင်မင်းသား၊ အဆိုတော်ဒါရိုက်တာ၊ သူပါဝင် လှုပ်ရှားသမျှနယ်ပယ်မှာ ထူးထူးချွန်ချွန်အောင်မြင်ပေတာ ပဲဗျာ "

" သူတောင်မှ တက္ကသိုလ်ကထွက်ပြီး ဗိုလ်သင်တန်း တက်၊ တပ်မတော်အရာရှိဖြစ်၊ ဩစတြေးလျကို စစ်ပညာ သင်တန်းသွားရောက်ခဲ့သေးတယ်မဟုတ်လား "

" ဟုတ်တယ်၊ ဗိုလ်သင်တန်း အပတ်စဉ် (၈)လို့



ပြောကြတာပဲ၊ ဗိုလ်လှမြင့်တဲ့ "

" အကြောင်းကြောင်းကြောင့် စစ်ဗိုလ်ဘဝကနေ စာရေးဆရာတစ်ဦးအဖြစ် ပြောင်းလဲလာတော့မှ သူ့ရဲ့ဗီဇ အထုံဝါသနာနဲ့ ကိုက်ညီပြီး အောင်မြင်မှုတွေရတော့တာကိုး "

" အောင်မြင်ထွန်းပေါက်မယ်ပေါ့ "

" သေချာတယ် "

" ဝန်ထမ်းအနေနဲ့ကျတော့ ထိပ်ဆုံးအထိ ရောက်ဖို့ ရာ အထုံဝါသနာနဲ့ချည်းမဆိုင်ဘူး ထင်တယ်နော် "

" ကျွန်တော် မလေ့လာဖူးတော့ မပြောနိုင်ဘူး။ အထုံစစ်ဆေးလွှာဆိုတဲ့ စိတ်ပညာစမ်းသပ်စစ်ဆေးမှုတွေနဲ့ အောင်မြင်တဲ့ ဝန်ထမ်းအကြီးအကဲတွေရဲ့ ကိုယ်ရည်ကိုယ် သွေးများကို စစ်ဆေးတိုင်းတာပြီး သုတေသနလုပ်ကြည့်ရင် တော့ အဖြေသိချင် သိမှာပဲ "

" အင်္ဂလိပ်လိုတော့ ဝန်ထမ်းအကြီးအကဲတွေ အဆင့်၊ သံအမတ်ကြီးအဆင့်တွေဆိုရင် H.E (His Excellency ) လို့ ခေါ်ဝေါ်သုံးနှုန်းကြတာပဲ "

" ဟုတ်ပါ့ဗျာ "

" အခိပ္ပါယ်က မင်းကြီးပေါ့၊ ဝန်မင်းပေါ့၊ ရှေးက ပညာမင်းကြီး၊ တိုင်းမင်းကြီး သုံးနှုန်းခေါ်ဝေါ်ခဲ့ကြတာမျိုးနေ မှာပေါ့ "

" အမှန်တကယ်လည်း လက်ရွေးစင်ရွေးချယ်ပြီး နိုင်ငံတော်အကြီးအကဲ ယုံကြည်အားကိုးတဲ့ ပုဂ္ဂိုလ်မျိုးတွေကို

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခန့်အပ်တာဝန်ပေးတာကိုး ”

“ ဝန်ထမ်းဆိုပေမယ့်လည်း တကယ်က အလုပ်အကိုင် သဘောသဘာဝချင်း တူတာလည်း ရှိတယ်၊ မတူတာလည်းရှိတယ် ”

“ ပြောပါဦး ”

“ ကျောင်းဆရာ၊ စာတိုက်ဗိုလ်၊ ဆရာဝန်၊ ရဲအရာရှိ စစ်ဗိုလ်၊ တရားသူကြီး၊ အဲဒါတွေအားလုံးက နိုင်ငံ့ဝန်ထမ်းတွေချည်းပဲ။ ပြည်သူ့ဝန်ထမ်း လခစားတွေပဲ။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သဘောသဘာဝချင်းကတော့ တော်တော်ပဲ ကွဲပြားခြားနားကြပါတယ် ”

“ ဟုတ်ပြီ၊ မြင်ကြရပါပြီ ”

“ မိမိရဲ့အထုံ၊ ဝါသနာ၊ ဗီဇ စရိုက်နဲ့ ကိုက်ညီတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆီကို ဆိုက်ရောက်မယ့် ပညာရပ်နဲ့ ဘာသာရပ်၊ တက္ကသိုလ်တို့ကို သေသေချာချာရွေးချယ်ပါ။ ဒါဟာ အရေးကြီးတယ် ”

“ အများယောင်လို့ ရောယောင်မလိုက်လေနဲ့ ”

“ မိမိဝါသနာနဲ့ တကယ်ကိုက်မှရွေး ”

“ ကောင်းသဗျာ ”

**ချစ်နိုင်(စိတ်ပညာ)**

**ရွှေမြင်သာဂျာနယ် အတွဲ၊၄၊ အမှတ်၊ ၈၊**

**၁၀-၁၀-၂၀၀၃**

♣ ♣ ♣



# အလျှင်လိုစေသော်

“ ကိုအောင်ရေ . . . ”

“ ဗျာ . . . ကိုဝိုင်း ”

‘ ကျွန်တော်တို့ငယ်ငယ်က ဘာမဆို မြန်မှကြိုက်ကြတယ်။ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက်ကိုမှ သဘောကျတယ်။ ဖြိုးတုခေတ်ဟော့၊ ဂျက်ခေတ်၊ ဒုံးပျံခေတ်လေကွာ စသည်ဖြင့် ပြောခဲ့ကြတယ်နော် ”

“ ဟုတ်ပါ့ ခင်ဗျာ ”

“ ခင်ဗျားတို့ ကျွန်တော်တို့ အသက် (၄၀)လောက် ရောက်လာတော့ ခုခေတ်နောက်ပေါက် လူငယ်တွေကတော့ ဖြိုးတုခေတ်၊ ဒုံးပျံခေတ်တောင် မဟုတ်တော့ပါဘူးဗျာ ”

“ ဘာခေတ်တုံး ”

“ ကွန်ပျူတာခေတ်၊ အင်တာနက်ခေတ် ဆိုရမလား မသိဘူးဗျို့။ ခုဆိုခုမှ။ ချက်ချင်း။ အမြန်ဆုံး။ စက္ကန့်မဆိုင်းနဲ့ဆိုတဲ့ အခြေအနေကို ဆိုက်နေပြီဗျို့ ”

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" တယ်ပြီး မြန်ချင်နေကြပါကလား "

" မြန်ချင်ခြင်းဟာ မျက်မှောက်ခေတ်ရဲ့ သိသာထင်ရှားတဲ့ လက္ခဏာတစ်ရပ်ပါပဲဗျာ "

" ဟုတ်ရဲ့လား "

" ဘာမှ မစောင့်ချင်တော့ဘူး။ ဘာမှ မနှေးချင်တော့ဘူး။ ရိုးရိုးကားနဲ့သွားရင် နှစ်နာရီကြာမယ် အမြန်ကားနဲ့သွားရင် တစ်နာရီကြာမယ်ဆိုရင် အမြန်ကားနဲ့ လိုက်ကြတော့တာပဲ။ နောက်ကျတာ မလိုချင်ဘူး "

"သွားရေးလာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေကလည်း ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ သုံးဆယ်ကာလတွေနဲ့ နှိုင်းယှဉ်ရင် တော်တော်တိုးတက်ကောင်းမွန်လာပါတယ် "

" မှန်ပါတယ် "

" ရှေးအခါက ရန်ကုန်-ပုသိမ်ဆိုရင် ရေကြောင်းခရီး တစ်ညအိပ်နှစ်ရက်လောက် သွားကြရတယ် မဟုတ်လား"

" ဟုတ်ပါ့ဗျာ "

" အခုအခါ လေးနာရီဆို ရောက်ပြီလေ "

" လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးလာတော့တာအမှန်ပဲ။ မြစ်ကူး၊ ချောင်းကူး၊ တံတားကြီးတွေ မရှိခင်က ဇက်နဲ့၊ လှေနဲ့၊ သမ္ဗာန်နဲ့ ကူးခဲ့ကြရတာ။ အချိန်သိပ်ကြာတာပေါ့။ တံတားကြီးတွေတည်ဆောက်ပေးခဲ့တော့ သွားရေး၊ လာရေး သိပ်ပြီးမြန်ဆန်တာပဲနော် "



" ကိုဝိုင်းပြောတာ ဟုတ်တယ်။ အမြော်အမြင်ကြီးစွာနဲ့ တံတားတွေ၊ လမ်းတွေ ကောင်းအောင် ထူထောင်တည်ဆောက်ပေးတဲ့ နိုင်ငံတော်အစိုးရကို အထူးပင် ကျေးဇူးတင်စရာ ကောင်းတယ်ဗျာ "

" သွားရေးလာရေးမှာ အမြန်ယာဉ် Express တွေခေတ်စားလာတယ်။ အမြန်ကား၊ အမြန်ရထားတွေကို လူတွေက ပိုမို အသုံးပြုချင်လာကြတယ်။ နောက်ဆိုရင် လေယာဉ်ပျံစီးတဲ့ဦးရေ ပိုများလာကြဦးမယ်ဗျ "

" လေယာဉ်ကွင်းတွေ လေကြောင်းလိုင်းတွေ ပိုပြီးတိုးတက်တည်ဆောက်ကြပါသဗျာ "

" ဒါမျိုးတွေ သာဓကဖော်ပြစရာ အများကြီးပေါ့လေ။ အဝေးပြေးလမ်းမကြီးတွေဆိုရင် ယခင်က နှစ်လမ်းသွားဟာ လမ်းပခုံးမကောင်းတော့ ကားချင်းရှောင်ရင် ဖြည်းဖြည်းလေး အရှိန်လျှော့ပြီး ဟိုဘက်နည်းနည်းဆင်း၊ ဒီဘက်ကလမ်းဘေးနည်းနည်းချ၊ တရွေ့ရွေ့ ရှောင်ကြရတယ်။ အခုအခါမှာတော့ နှစ်လမ်းသွား၊ လေးလမ်းသွား၊ အဝေးပြေးလမ်းမများ Four Lane Highway ဖြစ်လာကြပြီ။ ကိုယ့်ယာဉ်ကြောနဲ့ကိုယ် ကြိုက်တဲ့အရှိန်နဲ့ မောင်းလို့ရလာပြီ "

" ကောင်းတာပေါ့ "

" ကောင်းတာထက် ပိုကောင်းချင်ကြတုန်းပဲကိုအောင်ရေ့။ နိုင်ငံတကာမှာလည်း ဒီလိုပဲ။ မြန်မာပြည်မှာလည်း အလားတူပဲ။ Highway အဝေးပြေးလမ်းများထက်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပိုမိုလျင်မြန်စေမယ့် ဆူပါဟိုက်ဝေးလမ်းမကြီးများ တည်ဆောက် ဖောက်လုပ်ကြရပြန်တယ် "

" Super Highway ဆူပါဟိုက်ဝေး "

" ဟုတ်တယ်ခင်ဗျ။ မြန်မာပြည်မှာလည်း ဒါတွေ မလွဲမသွေ ဖောက်ကြရဦးမှာ သေချာတယ် "

" မြန်သည်ထက် မြန်ချင်ကြတာကိုး "

" သွားတာလာတာမှ မဟုတ်ဘူး။ အရာရာမှာ လူတွေဟာ သုတ်သီးသုတ်ပျာဖြစ်လာပြီး မြန်မြန်သွက်သွက် ကြိုက်လာကြတော့တာပဲ။ အင်္ကျီတစ်ထည်ချုပ်ချင်တယ်။ စက်ချုပ်ဆိုင်မှာ နှစ်ပတ်ကြာမယ်။ မလိုချင်ဘူး။ အသင့်ချုပ်ပြီးသားရမလား။ အခုချက်ချင်း လိုချင်တယ်။ ဒါမျိုးမှ ပိုသဘောကျတယ်။ လက်ဖက်ရည်ဆိုင်တို့၊ မုန့်ဟင်းခါးဆိုင်တို့မှာတောင် ကြာကြာစောင့်ရရင် စိတ်မရှည်ချင်ကြဘူး၊ မြန်မြန်ပေ့ မြန်မြန်။ နှေးနေရင် လူကြိုက်နည်းသွားပြီ မှတ်ပေရော့ "

" ဟား. . . ဟား. . ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်ထက် ပိုပြီးမြန်ချင်တဲ့ခေတ်ကို ရောက်လာကြပြီကိုးဗျ။ ဒီလိုပဲဖြစ်မှာပေါ့ "

" ကိုအောင်ရေ "

" ဗျား. . . ဗျား "

" နောက်တစ်ချက် ရှိသေးတယ် "

" ဆိုစမ်းပါဦး "



" လူတွေဟာ ကောင်းတာကို ပိုကြိုက်တတ်လာတယ် "

" လူတွေဟာအကောင်းကြိုက်တတ်တာ မဆန်းပါဘူး "

" ဆန်းတယ်လို့ ပြောခြင်းမဟုတ်ဘူး ကိုအောင်။ ခင်ဗျားတို့ ကျွန်တော်တို့ငယ်ငယ်က ကောင်းတာကြိုက်ပေမယ့်ဈေးကြီးရင် မယူဘူး။ ဈေးများလွန်းတယ်ထင်ရင် မသုံးပါဘူး။ တန်ရာတန်ရာပေါ့ "

" မှန်ရဲ့ "

" အခုခေတ်ကတော့ ကောင်းသာကောင်းပါစေလာခဲ့။ ဈေးများချင်များ၊ ဈေးကြီးရင်ကြီး၊ ဝယ်တာပဲ၊ သုံးတာပဲ။ အကောင်းဆုံးသာဖြစ်ပါစေ။ ကြိုက်ဈေးသာပြော။ ပေးလိုက်မယ်။ ဝယ်တယ်။ ဒီလိုမျိုး "

" မချွတာ၊ မစိစစ်တော့ဘူးပေါ့နော် "

" ညှံ့ရင်တော့ ဆောရီးပဲ။ ဈေးပဲချိုချို လွယ်လွယ်ကူကူပဲရရ အလကားပေးတောင် မယူချင်ကြတော့ဘူး။ ကောင်းသထက် ကောင်းတာကို ကြိုက်တတ်နေကြပြီ။ အကောင်းဆုံးသာ ယူလာခဲ့။ သူနဲ့ ထိုက်တန်တယ် ထင်လာကြတယ်။ အစားလည်းကောင်းတာ စားချင်တယ်။ အဝတ်လည်း အကောင်းဆုံးဆိုတာမှ ထည်လဲဝတ်ချင်တယ်။ ရှိတာကို သူ့နေရာနဲ့သူ ခြိုးခြိုးခြံခြံ ဝတ်စားမယ်၊ ရှိရှိသေသေ လျှော်ဖွတ် သိမ်းဆည်းမယ်ဆိုတာထက် ကောင်းပေ့ညွန့်ပေ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုတာတွေလာခဲ့။ ငါနဲ့တန်လို့ရတာ။ ငါနဲ့ထိုက်လို့သုံးရတာ။ ဝတ်မှာပဲ၊ စားမှာပဲဆိုတဲ့ သဘောထားက ပိုလာတယ်။ ဝတ်ချင်စရာ၊ စားချင်စရာ၊ သုံးချင်စရာ အစစအရာရာက လည်း ကြော်ငြာအမျိုးမျိုးနဲ့ ကြောက်စရာကောင်းလောက် အောင် ဆွဲဆောင်နေကြတယ် ”

“ ကြောက်စရာကောင်းလောက်အောင် . . . ”

“ ဟုတ်တယ်။ ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာ၊ သုံးတာ၊ ဖြုန်းတာတွေဟာ ရှေးယခင် ဘယ်ခေတ်ကနဲ့မှ မတူအောင် လက်ဖွာနေကြတာ တွေ့မြင်လာရတယ် ”

“ မချေတာ၊ မစုဆောင်းရင် . . . ”

“ လူများစုဟာ ချေတာစုဆောင်းမှသာလျှင် ပစ္စည်း ဥစ္စာ စုမိဆောင်းမိလာပြီး တဖြည်းဖြည်းနဲ့ ချမ်းသာ ကြွယ်ဝ လာနိုင်တာပါ။ မိဘဆီက အမွေရတာပဲဖြစ်စေ။ တိုးပွား အောင် မလုပ်ဆောင်နိုင်ဘဲ ရှိသမျှ ထိုင်ဖြုန်းလိုက်ရင် လုံးပါး ပါးသွားတတ်တာပဲ ”

“ ပရုပ်လုံးလို ကြာလေလေ သေးလေလေ ”

“ နောက်တစ်ချက် သတိပြုမိတာ ရှိသေးတယ် ”

“ ပြောသာပြောဗျာ ”

“ လူတွေဟာ ကြီးပွားချမ်းသာချင်စိတ် ထက်သန် ပြင်းထန်လာကြတယ် ”

“ ကောင်းတာပေါ့ဗျာ ”

“ ကောင်းတော့ကောင်းတယ်။ သို့သော် နည်းမှန်



လမ်းမှန်နဲ့ ကြံရွယ်ရမယ်။ တကယ်အလုပ်လုပ်ရမယ်။ ဒွဲရှိ ရမယ်။ အသက်မွေးမှုတစ်ခုခုကို ဆရာဖြစ်အောင် တတ် ကျွမ်းဖို့ ကြိုးစားသင့်တယ်။ အချို့ဟာ ဒီလိုမဟုတ်ဘူး ”

“ ဘယ်လိုလဲ ”

“ ဖြတ်လမ်းက ချမ်းသာချင်ကြတယ် ”

“ ဟင် . . . ဘယ်လို ”

“ ကျော်လွှား၊ ခွတက်ပြီး မတရားလိုချင်တယ် ”

“ ဟောဗျာ ”

“ အမြန်ဆုံး သူဌေးဖြစ်ချင်တယ်။ ဒါပေမဲ့ ထိုက် တန်တဲ့ အရင်းအနှီး ပေးဆပ်ခြင်း၊ ပါရမီဖြည့်ခြင်း၊ ပုဗ္ဗေစ ကတပုညတာဆိုတဲ့ ကောင်းမှု ရှေးဦးပြုခဲ့ဖူးခြင်းဆိုတာ ရှိရ ကောင်းမှန်းမသိကြဘူး ”

“ ဒုက္ခပါလား ”

“ ဒုက္ခအိုးထဲ ကျွမ်းထိုးထိုးဆင်းနေတာပေါ့ဗျာ။ ခဲ့ လောင်းချင်တယ်။ နှစ်လုံးထီလောင်းချင်တယ်။ ထီထိုး အပွ ကြံချင်တဲ့ လူဦးရေ အဆမတန် တိုးလာတယ်။ မှန်မှန်မှားမှား တစ်နပ်စား အပွကြံချင်သူက များလာကြတယ် ”

“ ဟုတ်ပ့ါမလား ”

“ လောင်းကစားမှုတွေ တိုးတိုးတိတ်တိတ်ဖြစ်စေ၊ ဆင်ဝှေ့ရန်ရှောင်နည်းနဲ့ဖြစ်စေ၊ ချဲဒိုင်လုပ်တာ၊ အခြားသော (ဘောလုံးပွဲလောင်းကစားတာကအစ)လောင်းကစားတွေ ဖြစ်ပေါ်နေတာဟူသမျှ ငွေလွယ်လွယ် မြန်မြန်ရချင်တဲ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မတရားလောဘကြောင့်ပါပဲ ”

“ အဲဒါမျိုးတွေကတော့ သတိပေးသင့်တယ်ဗျို့ ”

“ ဒါပေါ့၊ ဒါပေါ့။ ဒါကြောင့်မို့လို့ ခေတ်ရေစီးကြောင်းကို အကြောင်းပြုပြီး ပတ်ဝန်းကျင်ရိုက်ခတ်မှုတွေကို ကြံ့ကြံ့ခံခံ ခိုင်ခိုင်မာမာ ရပ်တည်တွန်းလှန်နိုင်ဖို့ လိုပါတယ် သူငယ်ချင်း ”

“ ထောက်ခံတယ်ဗျာ ”

“ (၁) မြန်ချင်တာ ကောင်းပါတယ်။

(၂) အကောင်းဆုံးမှ ကြိုက်တတ်ကြတာသဘော ကျပါတယ်။ လူ့သဘာဝပါပဲ။

(၃) ကြီးပွားချမ်းသာချင်တာတွေကိုလည်း အား ပေးပါတယ်။ ထောက်ခံပါရဲ့။

(၄) ဖြတ်လမ်းကတက်ပြီး ရတဲ့နည်းနဲ့အမြန်ဆုံး သူဌေးဖြစ်ချင်လွန်းတာမျိုး၊ ငွေလွယ်လွယ် ရရင် ပြီးရော၊ ဘာပဲလုပ်ရလုပ်ရ ဆိုတာမျိုး တော့ ဆင်ခြင်တုံတရားနဲ့ မိမိကိုယ်ကို ထိန်း ပြီး တည့်မတ်ကြဖို့ လိုပေလိမ့်မယ်နော် ”

**ချစ်နိုင်(စိတ်ပညာ)**
**ရဲကြေးမုံ မဂ္ဂဇင်း အမှတ်(၆)၊**
**၂၀၀၂ခုနှစ်၊ ဩဂုတ်လ**

♣ ♣ ♣



# သာယာကုန်းရွာသို့ တစ်ခေါက်

“ ကိုကောင်းရေ ”

“ ဗျာ . . . ကိုလှိုင် ”

“ ခင်ဗျား ခေါင်းမှာလည်း ဖုန်တွေဖွေးလို့ပါလား အသားတွေလည်း ကြေးနီရောင်ထလို့။ နေလောင်လာတယ်။ ဘယ်ကိုသွားလို့ ဘာလုပ်ခဲ့တာလဲ ကိုကောင်းရဲ့ပြောစမ်းပါဦး ”

“ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း (ဗဟို) အဖွဲ့က နွေစပါး ၁၃၆ ဧကစိုက်နေတဲ့ သာယာကုန်းကျေးရွာနားက ရေနုတ်ကွင်းလယ်တွေဘက် ကွင်းဆင်းလေ့လာကြည့်ခဲ့တာ ပါခင်ဗျာ ”

‘ ဒီလောက်နေပူကြီးထဲမှာဗျာ။ ဒါနဲ့ သာယာကုန်း ရွာဆိုတာက ဘယ်နားကတုံး။ ဘယ်လို သွားရတာတုံး ’

‘ မှော်ဘီမြို့နယ်ထဲ ပါပါတယ်။ မှော်ဘီမရောက်မီ အနောက်တောင်ဘက် လေးငါးမိုင်ပဲကွာမှာပေါ့။ ရန်ကုန်-

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရွှေပြည်သာမြို့သစ်မှ အမှတ် (၄) လမ်းမကြီးအတိုင်း သွားရတယ်ဗျ။ သာခုကန်လွန်တာပေါ့။ မိုင်တိုင် ၂၀ကျော်လေးပါ'

'လမ်းကောင်းရဲ့လား'

'ကတ္တရာလမ်းမကြီးကတော့ ကောင်းတာပေါ့။ ရွာဘက်ချိုးဝင်ရတဲ့ နှစ်မိုင်လောက်ကတော့ ဂဝံကျောက်ခင်းလမ်း လုပ်ထားကာ ငါးလပဲကြာသေးတယ်။ အခုဆို ကားတွေနဲ့ လာလို့ရသွားပါပြီ'

'မသိလို့ မေးပါရစေ။ စစ်မှုထမ်းဟောင်း ဗဟိုအဖွဲ့က အဲဒီရေနက်ကွင်းမှာ လယ်ကွက်ဖော်ပြီး ဘာလုပ်ဖို့စပါးစိုက်တာလဲဗျ'

'မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှာ လေ့ကျင့်ရေး သင်တန်းကျောင်းကြီး သုံးကျောင်းရှိတယ် သူငယ်ချင်းရေ။ စစ်မှုထမ်းဟောင်းအရာရှိအပါအဝင် သင်တန်းသား ၉၀၉၃ဦး လေ့ကျင့်ပို့ချထားပြီးပြီ။ မန္တလေးရေတံခွန်တောင် တစ်ကျောင်း၊ မကွေးမှာ တစ်ကျောင်း၊ ရန်ကုန်-မှော်ဘီ ညောင်နှစ်ပင်ကွင်းမှာ တစ်ကျောင်း'

'ဘာတွေသင်ပေးနေတာတုံး'

'အစုံပဲ။ သံချည်သံကွေး၊ ပိုက်ဆက်၊ လက်သမားအစရှိတဲ့ သင်တန်းများလည်း ပါတာပေါ့'

'သင်တန်းသား ဘယ်လောက်ရှိကြသလဲ'

'အမြဲတန်း ၅၀မှ ၁၀၀အထိ အသီးသီးရှိကြတော့ သင်တန်းသား ၃၀၀လောက်ကို ကျွေးမွေးဖို့ လိုလာတာပေါ့ဗျာ'



'ဩော် - ကိုယ့်အားကိုယ်ကိုး ကြိုးစားတဲ့အနေနဲ့ စပါးစိုက်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့က ကျွေးမှာကိုး'

'ဟုတ်တယ်။ နွေစပါး ၁၃၆ ဧက စိုက်ပြီးတာနဲ့ မကသေးဘူး၊ နောက်ထပ် ဧက ၂၀၀ကျော်လည်း ရေကျနောက်စိုက် ဆောင်ရွက်ဖို့ စီမံထားပါသေးတယ်။ သာယာကုန်းရွာအနီး လယ်ယာကုန်ထုတ်စခန်း တည်ဆောက်ပြီးထွက်တဲ့စပါးကို ဝမ်းစာစပါး ကြိတ်ခွဲဖို့ ဆန်စက်ငယ်တစ်လုံး တည်ဆောက်ထားတာလည်း တွေ့ခဲ့ရသဗျ'

'အဆင့်ဆင့် အကွက်စေ့အောင် ဆောင်ရွက်ထားတာပါကလားဗျ'

'ဒါတင်ဘယ်ကမှာလဲ။ သာယာကုန်းကျေးရွာအိမ်ခြေ၂၀၁အိမ်ကို ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွေကိုယ့်အားကိုယ်ကိုး လက်တွေ့အကောင်အထည် ဖော်ပေးနေသဗျ'

'ရှင်းစမ်းပါဦးဗျာ'

(၁) ကျေးရွာချင်းဆက် လမ်းတွေ ပေါ်ပေါက်လာအောင် ဖောက်လုပ်ပေးနေတယ်ဗျာ။

(၂) ရေကောင်းရေသန့်ရအောင် အဝီစိတွင်း တူးပေးထားတယ်ဗျာ၊ စိုက်ပျိုးရေရအောင် တာပတ်ပြီးရေတာတမံနဲ့ ရေတံခါးတည်ဆောက်ရန် စီမံတိုင်းတာနေပြီဗျ။

(၃) ပညာရေးကောင်းအောင် ကူညီနေတယ်၊ စာကြည့်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တိုက်လည်း ထူထောင်ပေးဖို့ ပြင်ဆင် စုဆောင်း နေပြီ။

(၄) ကျန်းမာရေးဆေးပေးခန်းလည်း ပြီးလုပြီ။

(၅) ရေမြင့်၊ ကြာတင့် စီးပွားရေးကောင်းလာဖို့ ရေနက်ကွင်းတွေကို ရေစီးရေလာကောင်းပြီး အောင်ရေ ထိန်းထားနိုင်အောင် တိုင်းတာစီမံနေပါသဗျ။ တယ် အားရစရာကောင်းပါလား။ စံပြရွာဖြစ်လာတော့မှာပေါ့။

' အဲသလိုဆိုရင် မမှားဘူးဗျ။ ၂၀ ကီလိုဝပ်ရှိတဲ့ လျှပ်စစ်မီးစက်ကို ၂၀၀၂ခု ဒီဇင်ဘာလတုန်းက တပ်ဆင်ခဲ့ပါတယ်။ ၂၄သိန်းကျတယ်။ လိုင်းကြိုးဆွဲတာက အလျား ၁၆၄၀၀အတွက် ၁၀၅သိန်း၊ မီးစက်က ၁၃. ၅သိန်းပေါ့ဗျာ။ နေ့တိုင်း ညနေ၆နာရီမှ ည ၁၂နာရီအထိ မီးပေးတယ်။ ရွာသူကြီးတွေ စုပေါင်းညှိနှိုင်းပြီး နှစ်ပေမီးချောင်းသုံးသူ တစ်လ ၆၀၀ ကျပ်၊ ရုပ်မြင်သံကြားစက်တစ်လုံး တစ်ရက်ပြတာကျပ် ၄၀စသည်ဖြင့်ကောက်ခံပြီး မတည်ငွေ ၂၄သိန်းကို သုံးနှစ်အတွင်း ကျေးရွာပိုင်ဖြစ်အောင် သွင်းသွားမှာတဲ့ဗျ '

' ကိုယ့်အားကိုယ်ကိုး ပီသပါ့ဗျာ '

' မှော်ဘီချောင်းနဲ့ ဒွန်းတပဲ့တာရိုးကြားမှာ ရေမြုပ်ကွင်း ဧက၂၀၀၀ကို မကြာမီ စနစ်တကျ ပြန်လည်ပြီး စိုက်ပျိုးလာနိုင်မယ်ဆိုရင် ဟောဒီကျေးရွာလေးဟာ မကြာခင်စီးပွားရေး တိုးတက်လာမယ်ဗျ '

' ရေထိန်းတံခါး၊ ရေထိန်းတမံလုပ်ရမှာပေါ့ '



' ကျေးရွာလေးဟာ ယခင်က တော်တော်ဆင်းရဲချို့တဲ့ခဲ့ပါတယ်။ အဆင်းရဲဆုံး လူအချို့ကို ရွာလူကြီးတွေ၊ စာရင်းကောက်စေပြီး သစ်တောဦးစီးဌာနက ကျေးရွာတွေ အတွက်ဆောက်ပေးတဲ့ ပျဉ်ထောင်ပျဉ်ခင်းအိမ် ၁၀လုံးကို စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ကြိုတင်ငွေစိုက်ပြီး ဝယ်ပေးလိုက်တယ် '

' ကောင်းပါလေ့ဗျာ၊ သာဓုခေါ်စရာပဲ '

' အရစ်ကျပေးချေစေပြီး သုံးနှစ်အတွင်း တန်ဖိုးကျေအောင် ဆောင်ရွက်ထားတာပေါ့။ အိမ်တစ်လုံးကိုတော့ ကျေးရွာစာကြည့်တိုက်၊ ကျေးရွာဆေးပေးခန်း လုပ်ထားတယ်။ အဲဒီဝင်းထဲမှာ အဝီစိတွင်းလည်း တူးပေးထားပြီဗျ "

' သိပ်ကောင်းတာပေါ့ သူငယ်ချင်းရာ '

' ရန်ကုန်နဲ့ ၂၅မိုင်သာဝေးတဲ့ ရွာကလေးဟာ အရင်က ဆက်သွယ်ရေး ခက်ခဲပြီး ရွှံ့ထဲဗွက်ထဲ ဒီလိုပဲ နေခဲ့တာဗျ။ အခုမှ ဂဝံကျောက်တွေ အမာခံခင်းပေးပြီး မြို့တာလမ်းနဲ့ အဆက်အသွယ်ရ ရွာလမ်းဟာလည်း ကားလမ်းပေါက်၊ ရာသီမရွေးဆက်သွယ်ရေးအမြဲပွင့်သွားတာ '

' ညအခါ မီးစက်ရှိလာတာလည်း ရွာသူရွာသားတွေ ဝမ်းသာကြမှာပေါ့နော် '

' ဟာ - တော်တော်ကြည်နူးကျေနပ်ကြတာပေါ့။

' လယ်ထဲ ယာထဲသွားသွား၊ စက်ရုံ၊ အလုပ်ရုံက ပြန်လာတာ အရင်ကဆိုရင် မှောင်နဲ့မည်းမည်း သွားလာခဲ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြရတာ။ မြေပြပါးကင်းပါး အလွန်အန္တရာယ်များတာပေါ့။ ခုတော့ မီးတွေ ထိန်ထိန်လင်းလို့ မြို့အတိုင်းပဲလေ '

' တီဗီကော ရှိကြရဲ့လား '

' ရှိတာပေါ့။ တီဗီလည်းကြည့်ရ၊ သတင်းလည်း နားထောင်ရ၊ ရွာသူ၊ ရွာသားတွေ ဗဟုသုတ အကြားအမြင် ကျယ်လာကြလို့ ဝမ်းသာနေကြတယ်ခင်ဗျ '

' အေးဗျာ။ သာယာကုန်းရွာကလေးဟာ အခုမှ တကယ်ပဲ သာယာကုန်းနာမည်နဲ့ လိုက်ဖက်အောင် သာယာလာတော့တာပေါ့နော် '

' မှန်တယ်ဗျ။ ကျွန်တော်တို့ မော်ဘီချောင်းကို တံတားနဲ့ကျော်ပြီး လယ်ကွင်းတွေ၊ တလင်းတွေ၊ ရိုးပြတ်ကွင်းတွေ၊ လယ်တဲတွေအထိ အချိန်ယူပြီး လေ့လာကွင်းဆင်းကြည့်ခဲ့ကြတယ် '

' ပြောပါဦးဗျာ '

' ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို ရှေ့ဆက်ပြီး အများကြီး အရှိန်နဲ့၊ အဟုန်နဲ့ လုပ်ဆောင် အကောင်အထည်ဖော်ကြရဦးမှာပါကလားလို့ မြင်မိတယ် သူငယ်ချင်းရဲ့ '

' ဟုတ်ကဲ့။ ဆက်ပါဦး '။

' လမ်းတွေ၊ အိမ်တွေ၊ ရေတွေ၊ မီးတွေ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေ ပိုမို ကောင်းမွန်လာတော့ လူတွေရဲ့ စိတ်နေစိတ်ထားနဲ့ အတွေးအခေါ် အယူအဆတွေဟာ



လည်း မသိမသာနဲ့ မြင့်မားလာကြတာ တွေ့ရတယ်ခင်ဗျ '

' ဘယ်လိုလဲ '

' မှောင်နဲ့မည်းမည်း ရွှံ့ထဲ၊ ဗွက်ထဲမှာ ဆင်းရဲချို့ငဲ့စွာနေကြ၊ စားကြရစဉ်က ငါတို့ဘဝဟာ ဒီနွံထဲက မတက်နိုင်ကြပါဘူးလို့ ဖြစ်သလိုနေကြတဲ့ အတွေးအခေါ်ဟာ သူတို့ရဲ့ ကလေးငယ်တွေအထိ ဖိစီးရိုက်ခတ်ခံခဲ့ရတယ်။ အဲ-အခုလို တစ်နှစ်မပြည့်မီ ကာလတိုလေး ခြောက်လ၊ ခုနစ်လအတွင်း နတ်ရေကန်ထဲ ချလိုက်သလို လမ်းတွေဖေါက်၊ တံတားတွေ ဆောက်၊ ဆေးပေးခန်း၊ စာကြည့်တိုက်တွေဆောက်၊ ရေရ၊ မီးရ၊ အံ့ဩဝမ်းသာသွားကြတာနဲ့အတူ ရွာသူ၊ ရွာသားတွေရဲ့ စိတ်ဓာတ်အင်အားတွေဟာလည်း မြင့်မားတက်ကြွသွားကြတယ် '

' ဟုတ်လား '

' ဟုတ်တာပေါ့။ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူလေးတွေဆိုလည်း သူတို့အတန်းထဲ ကကျောင်းနေဖက် သူငယ်ချင်းတွေကို ရွာအိမ်သို့ ခေါ်ပြရပြီ။ အလည်ခေါ်ရဲခဲ့ပြီ '

' အရင်က မခေါ်ရဲဘူးလား '

' ရေတွေဝိုင်းပြီး လှေနဲ့သွားမှ ရောက်တာလေ၊ သို့ မဟုတ် ပေါင်လယ်လောက်ရှိတဲ့ ရေထဲ တစွပ်စွပ်လာရတာ ဘယ်မှာခေါ်ချင်ပါမလဲ '

' လမ်းပန်းခက်ခဲရင် အစစမျက်နှာငယ်ခဲ့ရတာပေါ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



နော်။ ခုမှ ခေါင်းမော့ရဲကြတော့တာပဲ ’

‘ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဟာ စိုက်ပျိုးမြေ လယ်ကွင်း ဖော်ထုတ်ရင်းနဲ့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဆိုသလို စံနမူနာပြကျေးရွာတစ်ခုကို အကူအညီပေးပြီး ထူထောင်ပြီးသား ဖြစ်သွားပြီဗျို့ ’

‘ အဲဒါတွေ အကျိုးပေးလို့ထင်ပါရဲ့ဗျာ၊ စစ်မှုထမ်းဟောင်းအဖွဲ့ရဲ့ လက်တွေ့လုပ်ငန်းစဉ်တွေဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ အောင်မြင်နေပါတယ် ’

‘ ပြောစမ်းပါဦး ကိုကောင်းရာ ’

‘ အခုဆိုရင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၈ဒသမ၈ သောင်းကျော်ရှိနေပြီ။ မကြာမီ တစ်သိန်းပြည့်လာပါတော့မယ်။ အရန်အင်အားနဲ့ ပေါင်းရင် ငါးသိန်းရှိလာမယ်ဗျ ’

‘ အင်အားတောင့်တင်းတယ်ဗျို့ ’

‘ တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်ကလည်း ရှင်သန်သွက်လက်စွာနဲ့ မပြတ်ထိတွေ့ပြီး လူထုလူတန်းစား အဖွဲ့အစည်းတွေနဲ့အတူ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ ပါဝင်ဆောင်ရွက်နေကြပါရဲ့ခင်ဗျာ ’

‘ ကောင်းသဗျို့ ’

‘ ငါးကန် ၃၅၀ဧကဖော်ပြီးပြီ။ ဧက ၇၅၀ထပ်မံတူးဖော်နေဆဲဗျ။ ပုစွန်ကန်ဧက ၁၀၀၀ တူးဖော်ဦးမယ်။ တောင်ကုတ်-သံတွဲကြားမှာ ပုစွန်ကန်တွေ စီမံနေတယ်။ လေ့ကျင့်ရေးကျောင်းတွေမှာ နွားနဲ့ဆိတ်တွေလည်းမွေးထား



စေတယ်။ ရန်ကုန်မှာ ဆရာဝန် ပါရဂူကြီးတွေနဲ့ ဆေးခန်းလည်း ဖွင့်ပေးထားပါတယ်။ ဒါ့အပြင် အလုပ်ရုံလည်း ထူထောင်ထားတယ်။ မလေးရှားနိုင်ငံသို့ အလုပ်သမား ၈၀၀၀ကျော် စေလွှတ်ထားခဲ့တယ်။ နိုင်ငံခြားဝင်ငွေ ရစေပါတယ်။ ဖားကန့်မှာ ကျောက်စိမ်းတူးဖော်ရေးလည်း ခြောက်ကွက်တူးနေပြီ။ သစ်အချောထည်စက်ရုံ၊ ဓာတ်ခဲစက်ရုံ၊ တွင်ခုံစက်ရုံလုပ်ငန်း စသည်ဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နေကြတာ အားရဝမ်းသာစရာပါဗျာ ’

‘ ဆီအုန်းစိုက်ခင်းတွေလည်း တစ်ကွင်းတစ်စပ်တည်း အကျယ်ကြီးလုပ်မယ်ဆို ’

‘ ဒါလည်းလူကြီးတွေ အစီအစဉ် ရေးဆွဲနေပါတယ်။ အေးလေ . . . အကောင်အထည် မပေါ်သေးတာတွေတော့ မပြောဘဲထားစို့ ’

‘ ကောင်းပါပြီဗျာ၊ အခုလောက်ကြားရသိရတာပဲ ဝမ်းသာစရာပါဗျာ။ ခင်ဗျားတစ်ကိုယ်လုံး သဲတွေနဲ့၊ ဖုန်တွေနဲ့ ပေကျံနေတယ်။ ရေမိုးချိုးလိုက်ပါဦး ’။ ။

**ချစ်နိုင်(စိတ်ပညာ)**
**ကြေးမုံသတင်းစာ**
၁၇-၃-၂၀၀၃

♣ ♣ ♣

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## သင်္ကြန်အစတွေး

" ကိုအောင်ရေ "

" ဗျာ . . . ကိုဝိုင်း "

" သင်္ကြန်ရေပက်ပွဲကြီးတော့ ပြီးသွားပြီဗျို့။ ကျွန်တော့်တစ်သက် နှစ်ပေါင်းငါးဆယ်အတွင်း ဒီလောက်ပျော်ရွှင်စည်ကားတဲ့နှစ်တော့ ကြုံဖူးပေါင်ဗျာ "

" မှန်တယ်ဗျ။ လူကြီးလူငယ်၊ လူရွယ်လူလတ်မကျန်၊ တစ်နိုင်ငံလုံး ပျော်ရွှင်ကြတဲ့ ပွဲပါပဲခင်ဗျာ။ လူကြီးတွေကလည်း တရားဘာဝနာ စီးဖြန်း၊ ရိပ်သာဝင်ကြ၊ အချို့လည်း ခရီးရက်ရှည်လျှောက်လည်ကြ။ မြို့ကြီးတွေမှာတော့ ရေပက်မဏ္ဍပ်တွေ၊ ရေပက်ခံကားတွေ၊ လူတွေ၊ ဒီနှစ်ဟာ စံချိန်ချိုးအောင် များပြားလှပေရဲ့နော် "



" ဒီနှစ်ရဲ့ ထူးခြားချက်တစ်ခု၊ ကိုအောင် သတိထားမိရဲ့လား "

" ဘာလဲဗျ "

" စည်းကမ်းရှိကြတယ်။ လူတွေဟာ အစွမ်းကုန်မြူးပျော်နေကြပေမယ့် ဗရုတ်ဗယက်လုပ်သူ သိပ်နည်းသွားပြီ။ စည်းနဲ့၊ စနစ်နဲ့၊ ချစ်ချစ်ခင်ခင်နဲ့ ယဉ်ယဉ်ကျေးကျေးနဲ့ဆိုတော့ ဒီနှစ်အမှုအခင်းသိပ်နည်းမှာပဲ။

" ဟုတ်တယ်ဗျို့၊ အဲဒါတော့ မျက်မြင်ဗျ "

" ဆေးရုံတွေ၊ အရေးပေါ်ဌာနမှာ နှစ်တိုင်း လူနာလူနာတွေ အောတိုက်စုပုံနေတတ်တာမျိုး။ ဒီနှစ်တော့ ရှိတာအနည်းငယ်လောက်ပဲ။ ရှေးနှစ်များထက် အထူးပဲ နည်းပါးကြောင်း သိရသဗျာ "

" ကောင်းတဲ့ လက္ခဏာပေါ့သူငယ်ချင်းရ "

" ကိုအောင်တွေ့ရတဲ့ အခြေအနေတွေလည်း ပြောပါဦးလေ "

" ရန်ကုန်မြို့တော်မှာ ယခင်နှစ်တွေကထက် ယခုနှစ်မှာ အသောက်အစား၊ အမူးအရူး သိသိသာသာ နည်းပါးတယ်ဗျ "

" ဟုတ်သဗျို့။ ရှိတော့ ရှိတယ်၊ ယခင်နှစ်တွေထက်တော်တော်နည်းသွားတယ်ဗျ "

" အမူးအရူးနည်းတော့ ကားတိုက်မှု၊ လူထိခိုက်မှု၊ လူသေမှုလည်း နည်းပါးစေတော့တာပေါ့ဗျာ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" နောက်ပြီးကော . . . "

" လုံခြုံရေးတာဝန်ကျသူတွေရဲ့ ဖြေရှင်းပေးခြင်း၊ ကူညီပေးခြင်း၊ သူတို့ရှိနေကြတဲ့အတွက် စည်းကမ်းစနစ်ကျခြင်း၊ ပေါက်တောက် မြောက်တောက်နဲ့ ပြဿနာရှာချင်တဲ့ လူအချို့က သူ့ဖာသူ ထိန်းသွားပြီး အများစုကို မထိခိုက်ရဲ တော့ခြင်းစတဲ့ အကျိုးတွေကြောင့် သင်္ကြန်လေးရက်လုံးလုံး ပြည်သူတွေ တအုံးအုံး တရုန်းရုန်းနဲ့ ပြောမပြတတ်အောင်ကို ပျော်ရွှင်ကြရတယ်ဗျို့ "

" ပြီးတော့ကော . . . "

" ရန်ကုန်မြို့တော်ကြီးမှာ ရေကြည်ရေသန့်များ အလျှံအပယ် ပေါများခြင်းအကျိုးကျေးဇူးဗျ "

" ရှင်းစမ်းပါဦးဗျာ "

" ဒီနှစ် ရေပေးဝေတာ စနစ်လည်းကျ၊ ကောင်းလည်းကောင်း၊ များလည်းများဆိုတော့ သင်္ကြန်ရေကစားကြသူတွေ ရေပေါပေါပက်ကြရတာ တအားပျော်တာပဲ။ "

" အေးဗျာ၊ အမြော်အမြင်ကြီးစွာနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကပင် ရန်ကုန်မြို့တော် ရေမပူပင်ရအောင် ရေလှောင်တမံကြီးများ ကြီးကြီးမားမား တည်ဆောက်ခဲ့တဲ့ ပုဂ္ဂိုလ်များကို ကျေးဇူးအထူးတင်သင့်ပေတာပေါ့နော် "

" မှန်တယ်၊ မှန်တယ်။ ပြည်သူလူထုဟာ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးများအပါအဝင် ဒီနှစ်သင်္ကြန်အခါမှာ လွတ်လွတ်လပ်လပ် ကြည်ကြည်နူးနူး ပျော်မြူးတက်ကြွနေကြတယ်



သူငယ်ချင်းရေ့ "

" ဒီမယ် - ကိုအောင်၊ အခုလို ပြည်သူလူထု တစ်ရပ်လုံး နားရွှက်ပြားအောင် အိပ်လို့ရပြီ။ တံခါးဖွင့်ပြီး နေလို့ ရပြီဆိုတာ လုံခြုံလို့ဗျ။ တရားဥပဒေစိုးမိုးမှုအင်အားက သိသိ သာသာ ကောင်းလာလို့ခင်ဗျ "

" မှန်ပါတယ်လေ။ ဒါဟာ အခြေခံအချက်ပါပဲ "

" အခုလို ဖြစ်ပေါ်လာအောင် အဆင်းရဲ အပင်ပန်းခံပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးကို တည်ဆောက်ကြိုးပမ်းကြသူများရဲ့ ကျေးဇူးကိုလည်း အသိအမှတ်မပြုထိုက်ပေဘူးလား "

" ပြုထိုက်ပေသပေါ့ ကိုဝိုင်းရဲ့ "

" ယခုနှစ်ဟာ မကြုံစဖူး ထူးထူးကဲကဲ ရုံးပိတ်ရက် (၉)ရက်ဆက်တိုက် ဖြစ်တဲ့နှစ်ဗျာ။ စည်းကမ်းတကျမှ ရှိပါ့မလား။ ကျွန်တော်ဖြင့် တွေးပူခဲ့မိသေးတယ် "

" ဘာဖြစ်လို့လဲ ? "

" ဟိုအရင် - တချို့နှစ်တွေမှာဆိုရင် အရက် သေစာ သောက်စားယစ်မူးတာ သိပ်များတာပဲ။ သင်္ကြန်ဟာ ဘီယာသင်္ကြန်၊ အရက်သင်္ကြန်လိုတောင် ဖြစ်သွားတယ်။ စိတ်ပျက်စရာပဲ "

" ခုနှစ်တော့ တော်တော်ဟန်ကျသားပဲ "

" တာဝန်ရှိသူတွေရဲ့ စီမံမှု၊ တာဝန်သိပြည်သူ အများရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတွေကြောင့် ဒီနှစ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အရက်ဆိုင် ဘီယာဆိုင်တွေ သိပ်နည်းသွားတယ်လေ။ ကြပ်မတ်လိုက်တာ သိပ်ထိရောက်သွားခဲ့တယ်။ ပြည်သူအများ အနှောက်အယှက်ကင်းစွာ လွတ်လပ်စွာ ပျော်မြူးကြရတာ ပေါ့ ”

“ နောက် - မြင်တာရှိရင် ပြောပါဦး ”

“ မြင်ရသူ မကြည့်ရဲလောက်အောင် ယခင်နှစ် အချို့က ကဲခဲ့ကြတဲ့ ဝတ်စားဆင်ယင်မှုမျိုး ဒီနှစ်တော်တော် နည်းလာပြီ ”

“ ရှိတော့ ရှိသေးလား။ ဟဲ ဟဲ . . . ”

“ ရှေးကထက် သရုပ်ပျက် ဝတ်ဆင်မှုတွေ သိသိသာသာ နည်းသွားပါပြီ။ သို့သော် မိန်းကလေးများက ဘောင်းဘီဝတ်ကြတာတော့ သိသိသာသာ များပြားလာတာ သတိထားမိတယ် ”

“ ဒါတော့ ခေတ်ရေစီးပဲ။ ရှိပါစေတော့ ”

“ ထားပါတယ်လေ၊ ရေကစားရင်း ဝတ်လာတာကို ဘာမှ မပြောဆိုလိုပါဘူး။ ဘုရားရင်ပြင်တော်ပေါ် လို နေရာ လာမယ်ဆိုရင် . . . ”

“ ဟာ - ဒါတော့ ဆီလျော်ကိုက်ညီမယ့် အဝတ်အဆင်နဲ့မှ ယဉ်ကျေးသိမ်မွေ့ရာ ရောက်မှာပေါ့ဗျာ ”

“ ကဲဗျာ - နိဂုံးချုပ်ကြစို့ရဲ့၊ သင်္ကြန်မှာ သူငယ်ချင်း ဘာအမြတ်ရလိုက်သလဲ ?

“ အသက်တစ်နှစ်ကြီးလာပြီဆိုတာ သတိပြုမိလာတယ်။ ပြီးတော့ နှုတ်ချိုရာမှ အိုမင်းယိုယွင်းလာရသလို သေမင်းဆီသို့ ပို၍ပို၍ နီးကပ်လာပြီဆိုတော့ သိရှိဆင်ခြင်မိရဲ့ ပြီးတော့ ကျွန်တော်တို့က အသက်ငါးဆယ်ကျော်ပြီဆိုတော့ လူအိုလူဟောင်းတွေအဖြစ် တရွေ့ရွေ့နေရာဖယ်ပေးနေပြီ။ လူငယ်တွေ၊ လူသစ်တွေ၊ တက်လူတွေ၊ နိုင်ငံတကာမှာ အသက်သုံးဆယ်ဝန်းကျင်၊ လေးဆယ်ဝန်းကျင်၊ စီးပွားရေး၊ ပညာရေး၊ စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာဆက်ဆံရေး အဘက်ဘက်မှာ နေရာရလာကြတာ မြင်ကြရမှာပါ။ အရည်အသွေးလည်း ပြည့်ဝဖို့လိုတယ်။ ငယ်ရွယ်တက်ကြွတာလည်း လိုတယ်။ အရှိန်အဟုန်ပြင်းပြင်းနဲ့ နိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုး တိုးတက်မြင့်မားအောင် တက်ညီလက်ညီ ထောင့်စေ့အောင် ပါဝင်ကြိုးပမ်းကြရမယ့် အချိန်ရောက်နေပြီ ”

“ ခေတ်ရဲ့ တောင်းဆိုချက်ပေါ့လေ ”

“ နှစ်သစ်မှာ စိတ်သစ်လူသစ်၊ အားမာန်သစ်၊ ပြည်သူတွေ လိုလားတောင့်တတဲ့ ခေတ်ကောင်းအခြေအနေကောင်းတွေ တည်ဆောက်နိုင်အောင် အထူးပဲအားထုတ် ကြိုးစားကြစို့လား သူငယ်ချင်းရေ . . . . ။ ”

ချစ်နိုင်(စိတ်ပညာ)
၁၇-၄-၂၀၀၄

♣ ♣ ♣



စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## အနုအလှနဲ့ အကြမ်းအရိုင်း

“ ကိုအောင်ရေ ”

“ ဗျာ . . . ကိုဝိုင်း ”

‘ ခင်ဗျားကို ကျွန်တော်တစ်ခု မေးချင်တယ်ဗျာ၊ သီချင်းနဲ့ကဗျာ၊ ဘယ်အရာကပြည်သူလူထုထဲကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်လွှမ်းမိုးသလဲ ? ’

‘ ကိုဝိုင်းကို ပြန်မေးချင်သေးတာ တစ်ချက်ရှိတယ်၊’

‘ သူငယ်ချင်းကတော့ လုပ်ပြီ။ ဘာပြန်မေးမှာလဲ?’

‘ ကိုဝိုင်းသိချင်တဲ့အရာကို တိတိကျကျမေးမှ ဖြေလို့ရမှာမို့ပါလေ။ ဘယ်သီချင်းနဲ့ ဘယ်ကဗျာတို့ကို ခင်ဗျားဆိုလိုတာလဲ ’

‘ ဟားဟား . . . သီချင်းနဲ့ကဗျာလို့ဆိုလိုက်ရင် မပြီးဘူးလားဗျ။ ကိုအောင်က တိတိကျကျပြောမှ ဖြေနိုင်မှာလား ’



‘ ဒါပေါ့ သူငယ်ချင်းရယ်။ မရေမရာတွေကို အခြေခံပြီးတော့ တစ်ရေ့ခြောက်ဆယ် လျှောက်ပြောနေကြရင် ခင်ဗျားနဲ့ ကျွန်တော်နဲ့ အဓိပ္ပာယ်မရှိ ငြင်းခုန်နေတာနဲ့ ရှုပ်ထွေးရုံပဲ ရှိပေမှာပေါ့။ ဘယ်ကဗျာနဲ့ ဘယ်သီချင်းဆိုတာ အတိအကျခင်ဗျားပြောပြရင် ကျွန်တော်လည်း သိသမျှမြင်သမျှလေ့လာပြီး ဖြေနိုင်မှာ ’

‘ တကယ်တော့ ကျွန်တော့်စိတ်ထဲမှာ အဲသည်လို တစ်ခုချင်း တိတိကျကျကို ရွေးချယ်နှိုင်းယှဉ်ဖို့ မရည်ရွယ်ဘူးဗျ။ အဲ . . . ယေဘုယျ အခြေအနေပဲ ခင်ဗျားယူဆချက် ပြောစေချင်တာပါ ’

‘ ဩော် - ကိုဝိုင်းက ငြင်းခုံလို့ ပြဿနာရှာတာမျိုး ဖြစ်နေပြီ။ တကယ်တော့ သီချင်းများထဲမှာပင်လျှင် အချို့သီချင်းက ခေတ်တစ်ခေတ်မှာ သိပ်ပေါ်ပြူလာဖြစ်တယ်။ တချို့သီချင်းတွေက ဘယ်သူမှ သတိမပြုမိလိုက်ဘူး။ သူ့ဖာသာသူ တိမ်မြုပ်ပျောက်ကွယ်သွားတယ်။ တန်ဖိုးချင်း၊ စွမ်းရည်ချင်း၊ လူထုအပေါ် ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ ရိုက်ခတ်မှုချင်း အလွန်တရာကွာခြားလှပါတယ်။ အလားတူပါပဲ။ ကဗျာလင်္ကာဆိုရာတွင် မဂ္ဂဇင်းတစ်အုပ်ထဲမှာပါတဲ့ ကဗျာချင်းအတူတူတောင် စာဖတ်သူကို ဆွဲဆောင်မှု၊ လှုံ့ဆော်မှု၊ ရသပေးတာချင်း အများကြီး ကွာလှမ်းလွန်းပါတယ်။ လူကြိုက်များတာချင်း အတော်ကွာတာပဲ သူငယ်ချင်းရဲ့။ ပြီးရင်သူ့ကို နှစ်သက်သဘောကျပြီး စာဖတ်ပရိသတ်က

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆယ်နှစ်ကြာတဲ့အထိ တသသဖြစ်ရတဲ့ကဗျာမျိုး၊ အနှစ်ငါးဆယ်ကြာတဲ့တိုင်အောင် တစိမ့်စိမ့်အရသာရှိစေတဲ့ ကဗျာမျိုးစသဖြင့် ကွဲပြားခြားနားတဲ့ စွမ်းအား၊ အရည်အသွေး၊ အနုပညာမြောက်မှု၊ ဂန္ထဝင်တွင်မှု မတူနိုင်ကြဘူးလေ '

' ကျွန်တော်ကတော့ သီချင်းဟာ ကဗျာထက်ပိုပြီး လူထုပရိသတ်ကြားထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားနိုင်တယ်လို့ထင်တာပဲ '

' မင်းမင်းလတ်ဆိုခဲ့တဲ့ သီချင်းတစ်ပုဒ်နဲ့ ဆရာဇော်ဂျီရေးခဲ့တဲ့ ကဗျာလင်္ကာတစ်ပုဒ်ကို သာမန်လူတစ်ထောင်လောက် ရေးဖြေခိုင်းကြည့်ပါလား။ ဘယ်သူ ဆိုတာ ရေးတာကို ရကြလိမ့်မယ် ထင်သလဲ '

' ကျွန်တော်က တွံတေးသိန်းတန်တို့ စန္ဒယားလှထွတ်တို့ဆိုခဲ့တဲ့ သီချင်းတွေဟာ အောင်ဝေးတို့ အောင်ချိမ့်တို့ ရေးခဲ့တဲ့ကဗျာတွေထက် လူထုအများစုဆီသို့ ကျယ်ကျယ်ပြန့်ပြန့်ရိုက်ခတ်စေတယ်၊ ဒါကြောင့် သီချင်းဟာ ကဗျာထက်ပိုမိုပြင်းထန် ထိရောက်တဲ့ အနုပညာလက်နက်ဖြစ်တယ်။ '

' ဗျာ. . . လက်နက် ? '

' ဟုတ်တယ်လေ၊ ကဗျာကိုလက်နက်အဖြစ်အသုံးချချင်တဲ့လူဟာ အကယ်၍သာ ပြည်သူလူထုကို ပိုမိုကျယ်ပြန့် နက်ရှိုင်းအောင် ဆွဲဆောင် စည်းရုံးချင်တယ်ဆိုရင် ကဗျာစပ်တဲ့ အလုပ်ထက် သီချင်းရေးတဲ့ အလုပ်ကိုပြောင်းလဲလုပ်ဆောင်သင့်တယ်လို့ ကျွန်တော်ထင်တာပဲ '



' ကဗျာဟာ ကဗျာ၊ သီချင်းဟာ သီချင်းပါပဲ သူငယ်ချင်း၊ ကဗျာက စာရွက်ပေါ်မှာ အသက်ဝင်တာ၊ သီချင်းက ဂီတစင်မြင့် သို့မဟုတ် သဘင်၊ အငြိမ့်စင်မြင့်၊ သို့မဟုတ် ဗီစီဒီ၊ ကာရာအိုကေ၊ ကက်ဆက်ခွေပေါ့ဗျာ၊ အဲဒီနေရာမှာ ရှိပေမှာပေ့ါ။ ကဗျာနဲ့သီချင်းတို့ဟာ အမွှာပူးတွေပဲ။ ညီအစ်ကို ညီအစ်မ၊ အနုပညာပစ္စည်းတွေ ဖြစ်ပါတယ်။ သို့သော်-ကွဲပြားခြားနားမှုတော့ တစ်သီးတစ်သန့်စီ ရှိနေကြတာမျိုးပါ။ ကျွန်တော်က ကဗျာပဲဖြစ်ဖြစ်၊ သီချင်းပဲဖြစ်ဖြစ် လက်နက်ရယ်လို့ တရားသေ မမှတ်ယူစေချင်ဘူးဗျာ၊ အဲဒါလည်း မဟုတ်သေးဘူး '

' ဘာကြောင့်လဲ ? '

' အနုပညာဆိုတာ စာပေပဲဖြစ်ဖြစ်၊ ဂီတပဲဖြစ်ဖြစ် ပြည်သူလူထုကို စိတ်အာရုံဆွဲဆောင်နိုင်စွမ်း ကြီးမားကြပါတယ်။ အဲဒါကို လက်နက်အဖြစ်အသုံးချချင်တဲ့ လူတွေလည်း ရှိခဲ့ဖူးပါတယ်။ အောင်မြင်တာတွေလည်းရှိ၊ မအောင်မြင်တာတွေလည်းရှိခဲ့။ အများကြီးပေါ့ဗျာ၊ ထားကြပါစို့။ ကိုဝိုင်းပြောသလို ကဗျာလက်နက်နဲ့ ထိရောက်မှုနည်းနေတယ်ထင်ရင် သီချင်းလက်နက်ကို ပြောင်းကိုင်ပြီး ဆော်ပါတော့လား၊ ဒီလိုလား'

' ဟုတ်တယ်ဗျ '

' ရေဟာ လူအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာပေပဲ။ သောက်ရေသုံးရေ အကျိုးရှိစွာ သုံးနိုင်တဲ့အရာပါ။

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သို့သော် ရေနစ်သေရတဲ့ လူတွေရှိတာကို ထောက်ခြင်းအားဖြင့် ရေဟာလူကို ဒုက္ခရောက်စေတာလည်း ရှိပေတာပေါ့နော်။ လူက ဉာဏ်နဲ့ယှဉ်ပြီး အသုံးချကြရမှာပဲ ကိုဝိုင်းရဲ့ '

' ဆက်ပါဦးဗျာ '

' သူ့ကျွန်ဘဝကျရောက်နေချိန်၊ နယ်ချဲ့ရဲ့ဖိနှိပ်အုပ်ချုပ်ဂုတ်သွေးစုတ်တာကို ရက်ရက်စက်စက် ခံစားနေရတဲ့အချိန်မျိုးဆိုရင် ကိုဝိုင်းပြောသလိုမျိုး တော်လှန်တဲ့ကဗျာ၊ တော်လှန်တဲ့သီချင်း၊ လူထုကိုနိုးကြားစွာနဲ့ ရန်သူနယ်ချဲ့ တိုင်းတစ်ပါးကို မောင်းထုတ်ချေမှုန်းရအောင် စည်းရုံးရေးတိုက်ပွဲခေါ်သံကဗျာ သီချင်းများနဲ့ တပ်လှန့်သင့်တယ် '

' ဟုတ်ကဲ့ '

' လွတ်လပ်ရေးရတာပဲ ၅၅နှစ်ရှိလာပြီ။ ဒီ လွတ်လပ်ရေးကို ခိုင်ခိုင်မာမာကာကွယ်ခဲ့ကြတာပဲ လက်ဆင့်ကမ်းတာဝန်ကျေပွန်ကြလို့ မျိုးဆက်နှစ်ခုကျော်လာခဲ့ပြီ။ မရှိတော့ဘူး။ ထွက်ပြေးသွားပြီဖြစ်တဲ့ အတိတ်က ဗြိတိသျှ ကိုလိုနီကိုကလော်ထုတ်နေရင် ကိုဝိုင်းတို့ ဆဲစာသီချင်းဟာ အလကားပါပဲ '

' လာမယ့် ခေတ်သစ်နယ်ချဲ့ အန္တရာယ်ရှိသေးတယ်လေ '

' ဒါဟာလည်း ကဗျာတွေ သီချင်းတွေနဲ့ လှုံ့ဆော်နှိုးဆွနေရလောက်အောင်အထိတော့ အန္တရာယ် မကြီးမားသေးဘူးလို့ ဆိုချင်ဆိုနိုင်တာပါပဲ။ အန္တရာယ်ရှိကောင်းရှိပါ



လိမ့်မယ်။ ဒါကိုကျွန်တော်မငြင်းပါဘူး။ သို့သော် ပြည်သူလူထုရဲ့ အသိအမြင်ဗဟုသုတ အဆင့်အတန်းဟာ လွန်ခဲ့တဲ့ အနှစ် ၃၀၊ ၂၀၊ ၁၀နှစ်အချိန်ကထက် ပိုပြီးရေချိန်မြင့်လာခဲ့ပြီဆိုတာ သေချာပါတယ်။ မျိုးချစ်စိတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေလည်း ရှိနေကြဆဲပါပဲ။ စည်းလုံးညီညွတ်ရေးသဘောထားအမြင်တွေဟာလည်း တစ်နေ့တစ်ခြား တိုးပွားနေတာပါပဲ။ သို့တစေ ဒါတွေအားပေးလှုံ့ဆော်တဲ့ ကဗျာလင်္ကာတွေ၊ တေးသီချင်းမျိုးတွေ လိုအပ်နေဆဲ ဖြစ်မှာပါ။ အသုံးကျနေဦးမှာပါ။ ဘာပဲဖြစ်ဖြစ်၊ ကိုဝိုင်းပြောသလို ကဗျာတို့ တေးသီချင်းတို့ကို လက်နက်အဖြစ် အသုံးချမယ်ဆိုတဲ့ ခံယူချက်နဲ့ လုပ်ဆောင်ကြတဲ့ လူတွေဟာဖြင့် ကျွန်တော်သိမြင်သလောက် မအောင်မြင်ခဲ့ကြပါဘူး '

' ဟုတ်လား '

' ဟုတ်တာပေါ့။ ကဗျာလင်္ကာပဲဖြစ်ဖြစ်၊ တေးသီချင်းပဲဖြစ်ဖြစ် အနုပညာဟာ အနုပညာပဲ။ ရသကိုးပါးထဲရဲ့ဝံ့စေတာပါပါရဲ့။ ရဲဝံ့စွန့်စားချင်အောင် လှုံ့ဆော်ဆွဲဆောင်တာမျိုးတွေ ရေးခဲ့စပ်ခဲ့၊ ဖွဲ့ဆိုခဲ့တာရှိကြပါတယ်။ ရသမြောက်လို့ လူတွေကြိုက်ကြတာလည်း အများကြီး ရှိခဲ့ပါတယ်။ သို့ပေမယ့် အမြဲတမ်းလက်သီးလက်မောင်းတန်းပြီး ဆော်ပါတော့လား၊ ချကြပါတော့လား၊ သွေးထိုးလှုံ့ဆော်နေရင် ဘယ်သူမှဒါမျိုး လက်မခံချင်ကြတော့ဘူးဗျ။ လူထု ထောက်ခံအားပေးမှုမှမရရင် အနုပညာရှင်ဆိုတာ မရှင်သန်နိုင်ဘူးဗျ။

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အထီးကျန်ဖြစ်သွားရတာပဲ။ အတုံးလိုက် အတစ်လိုက်လုပ်တာတွေဟာ အနုပညာမဖြစ်ပါဘူး။ '

' ဒါဆိုရင်ကဗျာနဲ့ တိုက်ပွဲဝင်တာတို့၊ ကဗျာနဲ့ လူထုကို စည်းရုံးလှုံ့ဆော်တာတို့ မထိရောက်လှလို့ တေးသီချင်းနဲ့ပါပြောင်းလဲပြီး စမ်းကြည့်စေမလား။ ကျွန်တော်စဥ်းစားတာက ဟန်ကျပုံမပေါ်ဘူးပေါ့နော် '

' ကြောင်ပဲဆော်ဆော်၊ပုဆိုးခြုံထဲက လက်သီးပုန်းပြပြီး မကြားတကြားပဲ ဆဲနေနေ၊ ကဗျာကိုလက်နက်အဖြစ် တစ်သမတ်တည်း ကိုင်စွဲနေခြင်းဟာတော့ ကျွန်တော့်အထင် အရာမရောက်လှပါဘူး။ အစွဲသန်တစ်ဇွတ်ထိုးသမားအချို့ကတော့ အရာမရောက်တဲ့ အလုပ်တွေကိုပဲ ရူးရူးမူးမူးနဲ့ ဆက်လုပ်နေတတ်ကြတာပါပဲ။ ခက်ထန်ကြမ်းတမ်းတဲ့ လူရဲ့ လက်ဖျားမှာ အနုပညာဝိဥာဥ်လိပ်ပြာ လာရောက်မနားနိုင်ဘူး။ အနုပညာရသ မပြောက်ရင် ဘယ်သူ့ကိုမှ မဆွဲဆောင်နိုင်ပါဘူး။ အနုပညာကို အကြမ်းနေရာသုံးနေရင် စဥ်းစားကြည့်လေ '

**ချစ်နိုင်(စိတ်ပညာ)**

♣ ♣ ♣



# ရုပ်ရှင်ဇာတ်ကားတစ်စု၏ အရသာ

" ကိုအောင်ရေ "

" ဗျာ . . . ကိုဝိုင်း "

" ခင်ဗျားတို့ ကျွန်တော်တို့ ရုပ်ရှင်ကားတွေ ကြည့်လာကြတာ အတော်များပြီဗျ နော် . . . "

" မှန်ပါ့ ခင်ဗျာ "

" ဆယ်နှစ်၊ ဆယ့်ငါးနှစ် အရွယ်ကနေ အခုအချိန်အထိ ကြည့်ခဲ့တဲ့ ဇာတ်ကားတွေဆို စုစုပေါင်း ဘယ်လောက်များ ရှိမလဲ မသိဘူးနော် "

" တစ်နှစ်လျှင် ၂၀ကားပဲ ထားဦး နှစ်ပေါင်း ၄၀ ကာလအတွင်း၊ အနည်းဆုံး ကားပေါင်း (၈၀၀) ကျော် ရှိခဲ့ပြီပေါ့။ ဗီဒီယိုကား၊ နိုင်ငံခြား ရုပ်ရှင်ကားတွေ ထည့်ရင် ဇာတ်ကား (၁၀၀၀) ကြည့်ခဲ့ပြီးပါပြီ "

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ဇာတ်ကားကောင်း တစ်ကား ဖန်တီးရိုက်ကူးပြစမ်းပါဆိုရင် တကယ်လုပ်ရန်အတွက် ခက်ခဲမှာပါပဲ "

" ဟုတ်ပါ့ဗျာ "

" ကောင်း၊ မကောင်း၊ ညံ့၊ မညံ့ ဆိုတာတော့ ဇာတ်ကားတစ်ကား ကြည့်လိုက်ရင် ယေဘုယျအနေနဲ့ ခွဲခြားတတ်နေပြီ "

" ဟုတ်ပါရဲ့ ခင်ဗျာ၊ ပုပ်နေတဲ့ ပန်းသီးမျိုးကို တစ်လုံးလုံး ကုန်အောင် ကိုက်စရာ မလိုပါ "

" ဘယ်လို အချက်တွေအပေါ် ကြည့်ပြီး သုံးသပ်သလဲ ကျွန်တော်မေးပြီ - ဖြေကြည့်ပါဦး "

" အဲဒါမှ ဒုက္ခပဲ။ ဘယ်အချက်တွေကို အခြေခံသုံးသပ်သလဲ ကျွန်တော်မပြောတတ်ဘူးဗျ "

" ကျွန်တော်ကတော့ ရုပ်ရှင်အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့မှာ ၅နှစ်ကျော်ကျော် ပါဝင်လုပ်ဆောင်ခဲ့ဖူးတဲ့အတွက် အကဲဖြတ်ကြတဲ့ အခြေခံကိန်းသဘောစာရင်း Check List ကို ပြောမယ်ဆို ပြောလို့ရတယ်ဗျ "

" ဟာ ဒါဆို ခင်ဗျား ပြောဗျာ . . . ကိုဝိုင်း "

" ကျွန်တော်ဆွေးနွေးမယ်၊ ခင်ဗျားသုံးသပ်ပြီး သဘောတူမတူ၊ ကိုယ့်ဖာသာ ကိုယ် စဉ်းစားပေါ့ "

" ဟုတ်ပါပြီ "

" စကားမရှည်ရအောင် စာရင်းတစ်ခုလုံးကိုပဲ ပြောပြလိုက်ချင်ပါတယ်။ မကောင်းဘူးလား "



" ကောင်းပါတယ် "

" ဇာတ်ကားတစ်ကား ကောင်းခြင်း အင်္ဂါရပ်မှာပါတဲ့ အချက်များကို စဉ်းစားလို့ ရသမျှ ဖော်ပြရရင်-

(၁) ဝတ္ထုဇာတ်သွား Story
(၂) ပင်မဇာတ်ကွက် ချိတ်ဆက်ဖွဲ့စည်းတည်ဆောက်ပုံ Plot
(၃) စီစဉ်ညွှန်ကြားမှု Directing
(၄) သရုပ်ဆောင်များ ဇာတ်ကောင်နေရာ ပီပြင်မှု Characterization
(၅) ဓါတ်ပုံကြည်လင်ပြတ်သားမှု Photography
(၆) ကူးဆေးခြင်း Printing and Processing
(၇) အသံကြည်လင်ပြတ်သားမှု Sound
(၈) အခမ်းအနားနှင့် ပစ္စည်းအသုံးအဆောင် ဆီလျော်မှန်ကန်မှု Setting and Props
(၉) ဆင်ယင်ထုံးဖွဲ့မှု Costume
(၁၀) တေးဂီတမှန်ကန်ကောင်းမွန်မှု Music

" ဟာ . . . ကိုဝိုင်း မများလွန်းဘူးလား၊ မကုန်သေးဘူးလား "

" မကုန်တဲ့အပြင်၊ ဂီတ Music ဆိုတဲ့ ကဏ္ဍကိုတောင် ဟောဒီလို ၅ချက်လောက် ထပ်မံပြီး ခွဲခြားစိတ်ဖြာ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သုံးသပ်သင့်ပါသေးဗျာ "

" ဘယ်လို ? "

(၁) ပင်မကျောရိုးသီချင်း Theme Song
(၂) ကျောရိုးတေးဂီတ
Main Theme Music
(၃) ဇာတ်ဆောင်တေး Playback Song
(၄) ဇာတ်ပို့နောက်ခံတေး Supporting Song
(၅) ဇာတ်ပို့နောက်ခံဂီတ
Supporting Music

" အလို . . တယ်ပြီး ကျယ်ပြန့်နက်နဲပါလား "

" လာဦးမယ်၊ မပြီးသေးဘူး . . .

ဇာတ်ကားတစ်ခု ကောင်းဖို့ရာ လိုအပ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေထဲမှာ အောက်ပါအချက်များလဲ ပါသင့်တယ် သူငယ်ချင်းရ . . .

(၁၁) ဇာတ်လမ်းပါ အပြောအဆို Dialogue
(၁၂) ဇာတ်လမ်း၏ သဘောသဘာဝနှင့် ဓာတ်ပုံတို့ ဟပ်မိခြင်း Mood
(၁၃) ဓာတ်ပုံဆန်းသစ် ထူးခြားမှု Special Effects

" ဒါလောက်ဆိုရင် လုံလောက်ပြည့်စုံပြီလား "

" မပြီးသေးပါဘူးဗျာ၊ ဒါတွေလဲ လိုတာပဲ "

" ဘာတွေလဲ ? "



(၁၄) အရုပ်နဲ့ အသံကိုက်ညီမှု
Synchronization
(၁၅) ခုကပ်များ Insert မှန်ကန်ခြင်း
(၁၆) အကြောင်းအရာ နှစ်ရပ်ပြိုင်တူ ဖြစ်ပျက်ပုံကို အကူးအပြောင်း ညက်ညောသွက်လက်မှု
Parallel Cutting
(၁၇) ဇာတ်လမ်းရဲ့ အထွတ်အထိပ် Climax ကို ရောက်အောင် ပို့ဆောင်ဖန်တီးနိုင်ခြင်း "

" အလိုလေးလေး - ဇာတ်ကားကောင်းတစ်ခု ထွက်ပေါ်ဖို့ရာ မလွယ်ပါကလား သူငယ်ချင်းရာ "

" မှန်တယ်၊ အနုပညာဆိုတာ အမြင်သာလွယ်ကူတယ်ထင်ရတာ၊ တကယ်လုပ်ရင် အဟုတ်ခက်ပါရဲ့ "

" ရုပ်ရှင်၊ ဗီဒီယို၊ ဖန်တီး၊ ရိုက်ကူး၊ ထုတ်လုပ်သူများကို အပြစ်မဆိုရက်လောက်အောင်ပါပဲ "

" အဲသလို ကိုယ်ချင်းစာနာတတ်ရင် တော်ပြီ "

**ချစ်နိုင်(စိတ်ပညာ)**
**၇-၇-၂၀၀၃**

♣ ♣ ♣

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



# စာအုပ်ပြပွဲမှ အပြန်

" ကိုအောင်ရေ "

" ခင်ဗျာ . . . ကိုဝိုင်း "

" သူငယ်ချင်းကို မေးမလို့ပါ။ နိုဝင်ဘာလ ၂၁ရက်မှ ၃ဝရက်အထိ ဗိုလ်အောင်ကျော်လမ်း၊ အထက်ဘလောက်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရွှေကရန်ကုန်ဝေဇက်)သုံးထပ်တိုက် အဆောက်အအုံကြီးတွင် ခင်းကျင်းပြသခဲ့တဲ့ ဝတ္ထုရှည် မြန်မာနှစ်တစ်ရာ ပြပွဲနှင့် စာအုပ်ဈေးပွဲတော်ကို ရောက်ခဲ့သလား '

' ရောက်ခဲ့ကြည့်ခဲ့ပါတယ်။ နှစ်ခေါက်လောက် ရောက်ပါတယ်၊ ဘာဖြစ်လို့လဲ . . . '

' ဘာတွေ တွေ့ခဲ့သလဲ . . .။ ဘာတွေ တွေးမိသလဲ . . .။ ဆွေးနွေးစေချင်လို့ပါ '



' ဩော်-ကြည့်ခဲ့ရတာက နှစ်ပိုင်းရှိတယ်မဟုတ်လား ကိုဝိုင်းရဲ့။ '

' အမိန့်ရှိပါဦးဗျာ '

' ပြခန်းအပိုင်းရယ်. . . ဈေးပွဲတော်စာအုပ်ဆိုင်တွေရယ်ပေါ့နော် '

' ဟုတ်ကဲ့ '

' စာအုပ်ဆိုင်တွေကတော့ သုံးထပ်မှာဆိုင်ပေါင်း ၅၃ဆိုင်တောင် ခင်းကျင်းထားတာပဲ။ ပန်းမျိုးတရာ၊ စိတ်ကူးချိုချို၊ သာလွန်၊ ရာပြည့်၊ စာပေလောက၊ ပါရမီ၊ ပန်းရွှေပြည်၊ ရန်အောင်၊ ရတနာပုံ၊ ဂျာနယ်ကျော်၊ ကံ့ကော်ဝတ်ရည်၊ မြုံးစာပေစသည်ဖြင့် ပင်ရင်းစာပေတိုက်ကြီးများက ၁၀%၊ ၁၅%ဈေးလျှော့ပြီးရောင်းချပေးကြတာကြောင့် စာအုပ်မြတ်နိုးတဲ့ ပရိသတ်အတွက် တကယ်ပဲ ပွဲတော်တွေ့တယ်ဆိုရပါလိမ့်မယ်။ ကိုယ်စားလှယ်နှုန်း အထူးနှုန်းနဲ့ စာအုပ်တွေကို ဝယ်ခွင့်ရတာပေါ့နော်။ နယ်က တက္ကသိုလ်များ၊ ကောလိပ်များမှ ဌာနစာကြည့်တိုက်များအတွက် စာအုပ်များဝယ်ယူသွားကြတဲ့ ဆရာ၊ ဆရာမတွေလည်း တွေ့ခဲ့ရပါတယ်။ မိမိတို့စာကြည့်တိုက်များအတွက် စာအုပ်ကောင်းတွေ ရွေးချယ်ဝယ်ယူသွားကြတဲ့နယ်အဝေးက မိတ်ဆွေအချို့လည်း တွေ့ရပါတယ်။ '

' ပျော်စရာကြီးပေါ့နော် '

' မှန်တယ်။ စာအုပ်တွေမျိုးစုံကို အခုလို စုစုဝေးဝေး

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တစ်နေရာတည်းမှာ ဝယ်ခွင့်ရလို့ လာရကျိုးနပ်တယ်ဆိုပြီး ဝမ်းသာကြတယ်။ စာပေတိုက်တွေကလည်း စာအုပ်တွေပုံမှန်ထက်ပိုပြီး တွင်တွင်ကျယ်ကျယ် ဖြန့်ချိရောင်းချခွင့်ရလို့ ကျေနပ်တယ်။ စာဖတ်ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ရတာ ဝမ်းသာကြပါတယ် '

' စာရေးဆရာတွေလည်းလာကြမှာပေါ့ '

' ဆရာမကြူကြူသင်း၊ မစန္ဒာ၊ ဆရာချစ်စံဝင်း၊ ဆရာမောင်သိန်းဆိုင်၊ ကဗျာဆရာမောင်သွေးသစ်၊ ကဗျာဆရာသူရဇော်၊ ဆရာမင်းလူ၊ ဆရာဆောင်းဝင်းလတ်၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ လယ်တွင်းသားစောချစ်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ မြင်းမူမောင်နိုင်မိုး စသည် . . စသည် . . . အများကြီး တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော် မရောက်တဲ့ရက်တွေမှာ လာကြတဲ့ ဆရာ ဆရာမတွေလည်း အများကြီးရှိမှာပါ '

' စာအုပ်ဈေးပွဲတော်ဟာ စာဆိုတော်နေ့ကို တစ်နှစ်တစ်ခါ ဂုဏ်ပြုရာရောက်တာတော့ အမှန်ပဲနော် '

' မှန်တယ် ကိုဝိုင်း၊ စာပေလောကကို သတိတရ အာရုံစူးစိုက်အောင်လှုံ့ဆော်ထိတွေ့ပေးရာရောက်ခဲ့ပါတယ် '

' စတင်စိတ်ကူးရတဲ့ ပုဂ္ဂိုလ်များကို ကျေးဇူးတင်စရာပဲနော် '

' အကောင်အထည်ဖော်ကြတာကတော့ စာပေနဲ့ စာနယ်ဇင်းဗဟိုအလုပ်အမှုဆောင်တွေအားလုံးက တက်ညီ



လက်ညီဆောင်ရွက်ကြတာပါ။ စတင်စိတ်ကူးပြီး အဆင်းရဲ အပင်ပန်းခံကာ ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့သူကတော့ ဆရာဝန်တင်ရွှေကလောင်အမည်နဲ့ စာတွေရေးသားခဲ့တဲ့ အရေပြားဆိုင်ရာ အထူးကုပါရဂူ သမားတော်ကြီး ဒေါက်တာ တင်ရွှေပေါ့ခင်ဗျာ။ စာအုပ်ဈေးပွဲတော်ဖြစ်မြောက်ရေးကို သူဟာ စိတ်အားထက်သန်စွာ စတင်ဆွေးနွေးပြီး အကြံပေးခဲ့သူပါ။ အခုတော့ ကွယ်လွန်သွားခဲ့ရှာပါပြီ "

" စာအုပ်ဈေးပွဲတော်ဟာ နှစ်တိုင်းပဲ အောင်မြင်တယ်နော် သူငယ်ချင်း "

" ရေးသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ စားသုံးသူ၊ စာဖတ်သူတွေ ရင်းရင်းနှီးနှီး တွေ့ဆုံထိတွေ့ကြရတဲ့ အခွင့်အရေးကပင်လျှင် အလွန်တရာ ကြီးမားလှတဲ့ အကျိုးအမြတ်တစ်ခုပါပဲ။ စာအုပ်ဆိုင်တွေ ၅၀ကျော်ဟာ တစ်နေ့ တစ်နေ့ သိန်း ၂၀တန်ဖိုးနီးပါး ရောင်းချကြရပါတယ်။ ယေဘုယျကြည့်ရင် မဆိုးပါဘူး။ "

" စာအုပ်ဈေးပွဲတော် အကြောင်းပြောလို့တော့ အားမရလှသေးဘူး။ သို့ပေမယ့် စာအုပ်ပြပွဲအကြောင်းလည်း ဆက်ပြီး ဆွေးနွေးစမ်းပါဦး "

" စာအုပ်ပြပွဲကတော့ စာပေအသိုက်အဝန်းက ယခုကာလမှာ ဝတ္ထုတိုတွေ၊ ကဗျာတွေ၊ အားကောင်းနေကြပါတယ်။ လုံးချင်းဝတ္ထုနယ်မြေမှာတော့ အားရစရာ မရှိလှဘူး။ ဆယ်နှစ်၊ အနှစ် နှစ်ဆယ်အတောအတွင်းမှာ အရေ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အတွက်ရော အရည်အချင်းပါ အားနည်းနေတယ်လို့ ယူဆကြတယ် ”

“ မြန်မာဝတ္ထုရှည်ကောင်းများ ထွက်ပေါ်ရေး ”

“ ဟုတ်တယ်။ လက်ရှိကာလမှာ ထွက်တော့ထွက်နေကြတာပဲ။ ရေးသူကလည်း ရေးနေတယ်၊ ဖတ်သူကလည်း ဖတ်နေတယ်။ ဒါပေမယ့် ရေရှည်မှတ်တိုင် စိုက်ထူနိုင်လောက်အောင် ကောင်းမွန်တဲ့ မြန်မာဝတ္ထုရှည်ရယ်တော့ တစ်နှစ်တစ်နှစ် သိပ်မများလှသေးဘူး ထင်ကြတယ် ”

“ ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ”

“ အားပေးရမှာပေါ့။ ရေးသူတွေကိုလည်း မြန်မာဝတ္ထုရှည် ကောင်းကောင်းတွေ ကြိုးစားပြီးရေးဖြစ်အောင် တိုက်တွန်းကြရမှာပေါ့။ ဖတ်သူတွေကိုလည်း မြန်မာလုံးချင်းဝတ္ထုတွေကို ပိုမိုအားပေးဖတ်ရှုကြပါဦး။ ထုတ်ဝေသူတွေကိုလည်း မြန်မာဝတ္ထုရှည်တွေ များများထုတ်ဝေပေးကြစေလိုပါတယ်။ အရေအတွက်တွေ များရာမှ တစ်စ၊ တစ်စ အရည်အသွေးမြင့်မားတာတွေလည်း ပေါ်ပေါက်လာကြမှာပေါ့ သူငယ်ချင်းရယ် ”

“ မှန်ပါတယ်ဗျာ ”

“ အားပေးရင်တော့ ပေါ်ထွက်တယ်ဗျ။ စာအုပ်ဈေးပွဲတော်မှာ စာရေးဆရာ အကြည်တော် ကလောင်အမည်ခံတဲ့ ဦးကိုကိုကြီးနဲ့ ကျွန်တော်တွေ့ဆုံခဲ့ရတယ်။ သူဟာ ဟာသဝတ္ထုရှည်နဲ့ စာပေလောကကို ရဲရဲဝံ့ဝံ့ စတင်ထိုးဖောက်တာ။



ထုတ်ဝေတဲ့ တော်ဝင်မြို့မစာပေတိုက်ကိုလည်း ချီးကျူးတယ်။ လေးငါးအုပ်လောက် ထုတ်ပြီးတာနဲ့ ပရိသတ်ရဲ့ အားပေးမှုကို သိသိသာသာ ရရှိသွားတဲ့ အကြည်တော်ကိုလည်း ချီးမွမ်းတယ်။ ကျွန်တော်တို့ ငယ်ငယ်က ကြပ်ကလေး၊ သော်တာဆွေ၊ ဇဝနတို့ကို ကြိုက်ခဲ့သလို ခုခေတ် လူငယ်စာဖတ်ပရိသတ်အတွက် ဟာသစာရေးဆရာတစ်ယောက် ပေါ်ပေါက်လာတာ ဝမ်းသာစရာပဲ။ သူဟာလူငယ်ပဲ ”

“ ကောင်းတာပေါ့ဗျာ ”

“ တကယ်တော့ ဝတ္ထုရှည်ဆိုတဲ့ စာပေအမျိုးအစားဟာ စာဖတ်ပရိသတ်ကို အလွန်တရာ ဆွဲဆောင်ဖမ်းစားတဲ့ စာပေမျိုးခင်ဗျ ”

“ ဟုတ်ပါ့ဗျာ ”

“ ဖတ်မိရင် စုံထောက်ဖြစ်စေ၊ လျို့ဝှက်သည်းဖိုဖြစ်စေ၊ အချစ်ဖြစ်စေ၊ ဘဝသရုပ်ဖော် ဂန္ထဝင်လူ့စရိုက် အဖွဲ့အနွဲ့မျိုးတွေပဲဖြစ်စေ လက်က မချနိုင်ဘူး။ တကယ်ကောင်းရင် စာဖတ်သူမှာ ထမင်းမေ့ ဟင်းမေ့ပဲ။ တစ်ခြားကဗျာတွေ ဝတ္ထုတိုနဲ့ ပြဇာတ်၊ ဆောင်းပါးစတဲ့ စာပေအမျိုးအစားတွေက သူ့လို ဆွဲဆောင်အား မပြင်းထန်လှဘူးထင်တာပဲ ”

“ ပြောစမ်းပါဦး ”

“ ဝတ္ထုရှည် လုံးချင်းစာအုပ်ကောင်းကောင်းကို ကိုင်မိရင် မိုးချုပ်တာလည်း မသိ။ ညဉ့်နက်တာလည်း သတိမပြုမိ။ မိုးလင်းတာလည်း မသိတော့ဘူး။ စာရေးဆရာ ဆွဲခေါ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သွားရာနောက်ကို ငိုကာ၊ ရယ်ကာနဲ့ လိုက်ပါသွားမိတော့တာပဲ။ ဟုတ်တယ်မဟုတ်လား ”

“ ဟုတ်တယ်။ နန္ဒ၊ နတ်နွယ်၊ မင်းကျော်၊ မောင်မောင်ဖြူ၊ ကျော်အောင်၊ မြသန်းတင့်စတဲ့ စာရေးဆရာတွေ ရေးတဲ့ ဝတ္ထုတွေ ဖတ်ရင်း မိုးလင်းသွားခဲ့တဲ့ ညတွေ ကြုံဖူးခဲ့ပါရဲ့ဗျာ ”

“ မြန်မာဝတ္ထုရှည် စာပေဟာ ၁၉၀၄ခုနှစ်၊ မောင်ရင်မောင် မမယ်မ ဝတ္ထု (ဂျိမ်းစ် လှကျော်) နဲ့ ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထု (ဝန်စာရေးဦးကြီး) တို့မှ အစပြုကာ ကာလပေါ်ဝတ္ထုရှည်အနေနဲ့ အများကြီး တွင်ကျယ်ခဲ့ပါတယ်။ နှစ်ကာလ တစ်ရာအတွင်းမှာ တိုင်းကျိုးပြည်ပြု ဝတ္ထုကြီးတွေလည်း အများကြီး ပေါ်ထွက်ခဲ့ပါတယ် ”

“ ဂုဏ်ယူစရာပေါ့ ခင်ဗျာ၊ ပြပွဲမှာ အဲဒီလို စာအုပ်တွေ စုံစုံလင်လင် ပြသခင်းကျင်းထားသလား ”

“ ဩော် - သူငယ်ချင်းကလဲ။ ဘယ်စုံမှာလဲဗျာ။ နှစ်ပေါင်း ၁၀၀ ကာလအတွင်း တစ်နှစ်လျှင် လုံးချင်းဝတ္ထုရှည် အုပ် ၁၀၀၀ပဲ ထုတ်ဝေခဲ့တယ် ထားဦးစို့။ ၁၀၀၀၀၀။ စာအုပ်တစ်သိန်းကျော်ခဲ့ပြီ မဟုတ်လား။ ဒီပြခန်းမှာ အချိန်တစ်ပတ်အတွင်း ရှာဖွေစုဆောင်းလို့ ရနိုင်သမျှ စာအုပ် ၇၃၀ ကျော်ပဲ ခင်းကျင်းပြသနိုင်ပါတယ် ”

“ နည်းလိုက်တာဗျာ ”

“ မှန်ပါတယ်။ စာအုပ်တစ်သိန်းကျော်ထဲက လက်



လှမ်းမီသမျှ အုပ်ရေ တစ်ထောင်ကို စာအုပ်စာတမ်းပြုစုပြီး လက်ကမ်းစာအုပ်ကလေး ပြုစုထုတ်ဝေပေးပါတယ် ”

“ ဒါတော့ ကောင်းသဗျို့ ”

“ ဆရာချစ်စံဝင်း၊ ပြုံးစာပေက မပြုံး၊ ဦးစန်းဦး (စိတ်ကူးချိုချို) စတဲ့ စာပေထုတ်ဝေသူများက အုပ်ရေ ၁၀၀ စီ ထည့်ဝင်လှူဒါန်းပြီး စာအုပ်မှုရင်း တန်ဖိုး ၂၀ဝိ/ - ဖြစ်ပါတယ်။ ပြုစုကြသူများကတော့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဆရာမကြီး ဒေါ်တင်ဘုန်းနွယ်နဲ့ စာကြည့်တိုက် ပညာရှင်များ၊ အမျိုးသားစာကြည့်တိုက်၊ စာကြည့်တိုက်မှူးနဲ့ အဖွဲ့ဝင်များ၊ စာရေးဆရာ မောင်ခေတ်ထွန်းစတဲ့ ပုဂ္ဂိုလ်များ ”

“ ထင်ရှားတဲ့ စာအုပ်တချို့မပါဘဲ ကျန်နေခဲ့သေးတယ်လို့ တချို့က ပြောကြတယ်ဗျ ”

“ မပြည့်စုံသေးတာ အမှန်ပါပဲ။ တောင်တွင်းရှင်ဉက္ကဋ္ဌ ရှင်သာမဏေဘဝက ရေးခဲ့တဲ့ သုံးတွဲရှိသော (၁၉၁၂ခု)ဝတ္ထုရှည်ကြီး တစ်အုပ်ဆိုရင် ဆရာဒဂုန်တာရာ ရေးတဲ့ ဆောင်းပါးထဲမှာတောင် ပါဖူးတယ်လို့ သံအမတ်ကြီး (အငြိမ်းစား) ဦးအောင်သန့်က ပြောဆိုပါတယ်။ သို့သော် အချိန်မီ ပြီးစီးအောင် တက်သုတ်ရိုက်ပြီး လှော်ကြရတာကိုး ခင်ဗျ။ မရှိခဲ့ဖူးသေးတာနဲ့စာရင် အခုလို အကင်း၊ အမြွက်မျှတွေ့ရမြင်ရတာပဲ မဆိုးလှပါဘူး။ နော်ဗျာ . . . ”

“ မဆိုးရုံ ဘယ်ကမှာလဲ။ အများကြီး အကျိုးရှိတာပေါ့ သူငယ်ချင်းရေ။ ကျွန်တော်ဖြင့် ၁၉၀၄ ခုမှ ၁၉၆၄ခု

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လောက်အထိ ထုတ်ဝေခဲ့တဲ့ ဝတ္ထုတွေကို ယခင်က မမြင်ဖူး၊ မတွေ့ဖူးဘဲ ဒီပြပွဲမှာမှ ကြည့်ခွင့်ရမြင်ခွင့်ရတာ ကုသိုလ်ထူးလှတယ် ထင်တာပဲ "

" ဒီလို ကျေးဇူးတင်တတ်ရင် ကောင်းတာပေါ့ "

" ကျေးဇူးတင်ပါတယ်ဗျာ။ မြန်မာဝတ္ထုရှည်များ ထွန်းကားရေး၊ ရည်ရွယ်ချက် စေတနာကောင်းပြီးသားပဲ။ မြန်မာဝတ္ထုရှည် နှစ် ၁၀၀ အတွင်းက ရှာဖွေရရှိနိုင်သမျှ အစွမ်းကုန် ရှာဖွေတင်ပြထားကြတာပဲ။ (စုံတော့ ဘယ်ပြည့်စုံမလဲ ) တစ်သိန်း၊ နှစ်သိန်း ထုတ်ဝေခဲ့တဲ့ထဲမှာ ဟိုစာအုပ် မတွေ့ပါ။ ဒီစာအုပ်မပါ ပါလို့ ပြောရတာ လွယ်တယ်။ စုဆောင်းဖို့ကတော့ ခက်ခဲရှာမှာပေါ့ "

" ဘာပဲဖြစ်ဖြစ်၊ စာဆိုတော်နေ့ကိုတော့ အမှန်ပဲ ဂုဏ်ပြုရာရောက်ပါတယ် သူငယ်ချင်းရာ "

**ချစ်နိုင်(စိတ်ပညာ)**
**၁၀-၁၁-၂၀၀၃**

♣ ♣ ♣



# ဘာလဲ ? သူ၏ကမ္ဘာ

" ကိုကောင်းရေ "

" ဗျာ . . . ကိုဝိုင်း "

" အမေရိကန် စာရေးဆရာအားနက်စ်ဟဲမင်းဝေးရဲ့ THE SUN ALSO RISES ကို ပင်ဆယ်လ်ဖေးနီးယားတက္ကသိုလ်မှ ဖီလစ်ယန်းဆိုသူက ဝေဖန်ချီးကျူးထားတာလေး ကျွန်တော်ဖတ်ရဖူးတယ် "

" မှတ်မိရင်ပြောပြပါဦးဗျာ "

" အားနက်စ်ဟဲမင်းဝေးရဲ့ ဒီဝတ္ထုဟာ လူကြိုက်များပြီး အကောင်းဆုံးဝတ္ထုများထဲမှာ တစ်ပုဒ်အပါအဝင်ဖြစ်တယ်တဲ့ "

" ဟုတ်ကဲ့ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ ရေးသားဟန်ဟာ သစ်လွင်လတ်ဆတ်ပြီး စကား အချီအချ ပြောနေပုံတို့ဟာ စာဖတ်သူကို ရွှင်ပြုံးလာစေတယ်တဲ့ ”

“ ကောင်းတာပေါ့နော် ”

“ ဝတ္ထုတည်ဆောက်ပုံဟာ အဓိပ္ပာယ်လေးနက်လှပလွန်းပေတယ်လို့ ဖော်ပြခဲ့ပါတယ် ”

“ အဲဒီကမ္ဘာကျော် ခေတ်ပေါ်ဝတ္ထုကို ဆရာတက်တိုးက ၁၉၅၇ခုနှစ်က ဘာသာပြန်ခဲ့ဖူးပါတယ်။ ယခုအခါ နှစ်ပေါင်း ၅၀နီးပါးကြာသွားပြီဖြစ်ပေမယ့်လည်း ပြန်ဖတ်ကြည့်တဲ့အခါမှာ ကောင်းတုန်းပါပဲ။ ဟဲမင်းဝေး (၁၈၉၉-၁၉၆၁)ကို The Old Man and Sea ‘ **အဖိုးအိုနဲ့ ပင်လယ်** ’ ဆိုတဲ့ ဝတ္ထုနဲ့ယှဉ်တွဲပြီး သိကြတာများ ပါတယ်။ ၁၉၅၄ ခုနှစ်က နိုဘယ်ဆုစာပေဆုရခဲ့တယ်။ ကိုဝိုင်းပြောတဲ့ “ နေမင်းက ထွက်လာပြီ ” ဝတ္ထုကို **မေတ္တာမဏ္ဍိုင်**အမည်နဲ့ ဆရာကြီးတက်တိုးဘာသာပြန်ခဲ့တာကို ရာပြည့်စာပေမှ မကြာမီကဒုတိယအကြိမ် ထပ်မံပုံနှိပ်ထုတ်ဝေပါတယ်။ ”

“ မဖတ်ဖူးသေးရင် စာပေဝါသနာရှင်များ ဖတ်ရှုသင့်တဲ့စာအုပ်ပေပေ ခင်ဗျာ၊ နာမည်က ဘာတဲ့လဲ ”

“ မေတ္တာမဏ္ဍိုင် တဲ့ ”

“ မေတ္တာအကြောင်းကို ရေးဖွဲ့ထားတဲ့စာအုပ်တစ်အုပ် ကျွန်တော်ဖတ်လိုက်ရသေးတယ် ”

“ ဘာစာအုပ်လဲ ကိုဝိုင်းရဲ့ ”



“ ချစ်နိုင် (စိတ်ပညာ)ရဲ့ ‘ **သူ၏ကမ္ဘာ** ’ တဲ့ ”

“ သူ၏ကမ္ဘာဆိုတာဘာလဲ ”

“ သူရဲ့ အဖေအကြောင်း၊ သူ့ရဲ့အမေအကြောင်း၊ သူ့ရဲ့ခင်မင်လေးစားခဲ့ရတဲ့ ဆရာသမားတွေအကြောင်းနဲ့ သူ့ရဲ့ပတ်ဝန်းကျင်က အကြောင်းကလေးတွေ၊ သူငယ်ချင်းတွေ၊ စာအုပ်တွေ၊ သွားခဲ့ရတဲ့ ခရီးအကြောင်းတွေ။ ”

“ ဟင် ဒါဆိုရင် ချစ်နိုင် (စိတ်ပညာ) ခါတိုင်း ရေးလေ့ရှိတဲ့ ချစ်စွာသော တူမောင်တို့ ချစ်သမီးမေလေးတို့နဲ့ သဘော သဘာဝ မတူလှဘူးပေါ့ ”

“ ကွဲပြားခြားနားတယ်ဆိုရမှာပဲ ”

“ ဘယ်လိုရေးထားသလဲ ပြောပါဦး ”

“ သူ၏ကမ္ဘာဆိုတဲ့ စာအုပ်ထဲမှာ ဆောင်းပါး ၂၃ပုဒ် ပါဝင်ပါတယ်။ ကျွန်တော်တို့သားအဖ၊ အဖေအမေ့ကျေးဇူးဂုဏ်၊ မွေးရပ်မြေသို့တစ်ခေါက်၊ အဝေးနေအမေသို့ အမေရေ သွားနှင့်တော့နော်၊ ကျွန်တော့်ဆရာတစ်ဦး အစရှိသည်ဖြင့် သူ့ဘဝကိုလွှမ်းမိုးခဲ့တဲ့ မိဘ၊ ဆရာများရဲ့ ပုံရိပ်လွှာတွေကို ရေးခြယ်ပြထားတာပါ။ ”

“ ဒါဖြင့်ရင် သူ့ဟာက သုတစာအုပ်မျိုးမဆိုနိုင်ဘူး ထင်တယ် ”

“ ဟုတ်တယ်၊ ရသကိုပေးနိုင်အောင် ကြိုးစားအစွမ်းပြထားတဲ့ ထူးထူးခြားခြားစာအုပ်လို့ ပြောမယ်ဆို ပြောနိုင်ပါတယ်။ ”

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ရသစာအုပ်တွေဘက်က အရောင်းကျပြီး သုတစာအုပ်တွေသာ တွင်တွင်ကျယ်ကျယ်ထုတ်ဝေကြ၊ ရောင်းကောင်းကြတဲ့ အခြေအနေမျိုးမှာဗျာ၊ ရသစာအုပ်အနေနဲ့တော့ ဟန်ချင်မှ ဟန်မှာပေါ့"

" ဒါတော့ သူငယ်ချင်းရယ် စာဖတ်သူက အဆုံးအဖြတ် ပေးပါလိမ့်မယ်။ ပါဝင်စုစည်းထားတဲ့ ဆောင်းပါးအတော်များများကတော့ ပြည်မြန်မာ၊ ပြည်သာယာ၊ ရွှေအောင်လံ၊ အကောက်ခွန်၊ ရုပ်ရှင်အောင်လံ၊ မုခ၊ သူရဋ္ဌပို့ဆောင်ရေး၊ အပျိုမ၊ အပွမာဒ၊ ဆေးပညာမဂ္ဂဇင်း စတဲ့ မဂ္ဂဇင်း ဂျာနယ်များထဲမှာ ဖော်ပြခဲ့ဖူးပြီးသားတွေပါ။ ထိထိရှရှ ရှိလှတဲ့ အရေးအဖွဲ့တွေကြောင့် ဖတ်သူတွေက ကြိုက်ကြပါတယ်။ အချို့ဆောင်းပါးတွေက စာဖတ်သူရဲ့ ရင်ထဲကို နင့်နင့်နဲနဲ ထိုးဖောက်ခံစားသွားစေခဲ့တာ သတိထားမိပါတယ်။ "

" ဥပမာ-ပြောပြပါဦး ကိုဝိုင်းရဲ့ "

" ဥပမာပြောရရင် အပွမာဒ မဂ္ဂဇင်းထဲမှာ (၂၀၀၂ ခုနှစ်ဇွန်လ) ဖော်ပြခဲ့တဲ့ လူစကား သူနားလည်ဆိုတဲ့ ဆောင်းပါးမျိုးဟာ ဝတ္ထုကဲ့သို့ဖတ်ရတဲ့လူကို ခံစားရိုက်ခတ်တယ်။ သူရဲ့ ရွာကဖိုးစာဥဆိုတဲ့ နွားတစ်ကောင်အကြောင်း ဖော်ပြထားတာပါ။ တကယ့်အဖြစ်အပျက်ဆိုတော့ အသက်ဝင်တာပေါ့။ စာရေးသူက သူ့အမေကွယ်လွန်သေဆုံးခြင်း အကြောင်းတွေ ရေးရာမှာ ပူဆွေးဝမ်းနည်းဟန် မရှိခဲ့ပါဘူး။ လောကတစ်ခု



လုံးမှာ သူအချစ်ဆုံးအမေ သေလွန်ခြင်း အကြောင်းကို ငိုသံယိုသံ ပူဆွေးဟန်မပါဘဲ စာဖတ်သူအား မိခင်ရဲ့ ကျေးဇူးတရား ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားပါတယ်။ "

" စိတ်ဝင်စားစရာပဲ "

" သူအမေ့အကြောင်းတွေ အများကြီးရေးခဲ့ဖူးပါတယ်။ အမေ့အတွက်လက်ဆောင်ဆိုတဲ့ စာအုပ်တောင် ထွက်ခဲ့ဖူးပါတယ်။ အဖေအကြောင်းကိုတော့ ဒီစာအုပ်မှာမှ ရသမြောက်စွာ လှလှပပ ရေးဖွဲ့ထားတာ ဖတ်ရတယ်ဗျ။ "

" အကြောင်းတိုက်ဆိုင်ရင် ဖတ်ကြည့်ချင်ပါသေးရဲ့ဗျာ "

" သူ့ရဲ့ကျေးဇူးရှင်ဆရာသမား အချို့အကြောင်း ရေးထားတာလည်း သွက်လက်ပေ့ါပါးတယ်။ ဖတ်ချင်စဖွယ် ရှိလှပါတယ်။ မူလတန်း၊ အလယ်တန်းက ဆရာ ဦးလှကျော်၊ ဦးထွန်းမောင်တို့အကြောင်း။ တက္ကသိုလ်က ဆရာတွေလည်း ပါသေးတယ်။ ပါမောက္ခဦးခင်မောင်သန်းနဲ့ ဆရာချစ်ငယ် (ဒသသန)၊ စာရေးဆရာလင်းယုန်မောင်မောင် "

" ဟင်-လင်းယုန်မောင်မောင်က သူ့ဆရာလား "

" မဟုတ်ပါဘူး။ လင်းယုန်မောင်မောင်ရေးခဲ့တဲ့ ဟိုချီမင်း၊ ကက်စထရို၊ ချေဂွေဗားရားတို့ကို ဖတ်ပြီး စစ်သားစစ်ဗိုလ်ဖြစ်လာခဲ့လို့ ကျေးဇူးတင်ကြောင်းထည့်ရေးတာပါ "

" ဩော် ဒီလိုလား . . . "

" စိတ်လှုပ်ရှားစရာ အကောင်းဆုံးကတော့ ရဟတ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ယာဉ်ပျက်ကျလို့ ကွယ်လွန်သွားရရှာတဲ့ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးအကြောင်းနဲ့ သူ့ရဲ့သမီးကြီးကို ပြည်ပမှ အကြမ်းဖက် သောင်းကျန်းသူ ရက်စက်ကောက်ကျစ်သူအချို့က စာအိပ် ဗုံးနဲ့ ဗုံးဖောက်ခွဲခဲ့လို့ ကြေကွဲစရာသေဆုံးရတဲ့ အကြောင်း"

" ဒီစာအုပ်ထဲမှာ ပါသလား . . ."

" သူ၏ကမ္ဘာထဲမှာ သူ့ရဲ့ခံစားချက်ကို စာပေအနေ နဲ့မှတ်တမ်းတင်ထားပါတယ် "

" ဖတ်ဖြစ်အောင် ဖတ်ကြည့်ဦးမယ်ဗျာ . . ."

ချစ်နိုင်(စိတ်ပညာ)
၉-၁၁-၂၀၀၃

♣ ♣ ♣



# နိုင်မာသော ဇာတ်မြစ်

" ကိုအောင်ရေ "

" ဗျာ . . . ကိုဝိုင်း "

" ဒီနေ့ စကားဝိုင်းမှာ စကားကြီး စကားကျယ် ပြော ချင်မိတယ် "

" ကောင်းတာပေ့ါ။ ဆင်လောက်ကြီးချင် ကြီးပါ စေ"

" ဝေလငါးလောက်တောင် ကြီးတယ်ဗျ "

" ကောင်းပါတယ်၊ ဘာပဲလုပ်လုပ် ကြီးကြီးကျယ် ကျယ် လုပ်ရမယ်၊ သေးသေး နုတ်နုတ် မတွေးနဲ့၊ မလုပ်နဲ့

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုတဲ့ အဆိုအမိန့် တစ်ခု ဖတ်မိတာ မှတ်ထားတယ်ဗျ။ ခမ်းခမ်းနားနား အကြောင်းအရာမျိုးသာ ပြောဗျာ၊ ကြိုက်ပါတယ်။”

“ ဪ . . . ခေတ်တစ်ခုပြောင်းဖို့ရာ ခိုင်မာတဲ့ အခြေခံအုတ်မြစ် တစ်ခုတစ်ခုကို လူထုလူတန်းစား အလွှာ အသီးသီးကရော၊ အဖွဲ့အစည်း အသီးသီးကရော၊ တောရော မြို့ပါ နေရာဒေသအနှံ့က ပါဝင်တဲ့ ကိုယ်စားလှယ်တွေ ပါဝင်ပြီး ညီလာခံကြီး နှီးနှောဆွေးနွေး ရေးသားပြုစုနေကြတဲ့ အချိန်မို့ စိတ်ကူးရတာ တင်ပြချင်တာပါ။ ”

“ ပြောပါ ကိုဝိုင်းရဲ့ ရပါတယ်။ ”

“ ကျွန်တော်တွေးမိတာလေးပါ။ တိုင်းပြည် တစ်ပြည် တည်ဆောက်တယ်ဆိုတာ ပထဝီနိုင်ငံရေး အင်မတန် အရေးကြီးပါကလားဆိုတဲ့ အချက်ပေါ့ဗျာ ”

“ မှန်တာပေါ့ ”

“ ဒီတိုင်းပြည်ကို ဒီနေရာမှာ မတည်ချင်ဘူးကွယ်၊ ဥရောပမှာ သွားတည်ချင်တယ်လို့ ရွှေ့ယူလို့ မရဘူးဗျ ”

“ ဘယ်ရပါမလဲ ”

“ ပကတိ တည်ရှိနေတဲ့ ရေမြေတောတောင်၊ မြစ်ချောင်း အင်းအိုင်များနဲ့တကွ ပတ်ဝန်းကျင်မှာ ရှိကြတဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ အစဉ်အလာ၊ ဓလေ့ထုံးစံ၊ နောက်ကြောင်းရာဇဝင်၊ ဆက်ဆံရေး အတင်းအလျှော့၊ အပူအအေး စတာတွေလည်း လက်ရှိအတိုင်း လက်ခံရမှာပဲ ”

“ မှန်ပါတယ် ”



“ မိမိလက်ထက်ကျမှ ပိုကောင်းအောင် ပြောင်းလဲ ထူထောင်ချင် ထူထောင်ပေါ့။ ပထဝီနိုင်ငံရေးကိုတော့ ကျွန်တော်တို့ ပြည်သူတွေ သိမြင်နားလည်ကြရမယ်နော် ”

“ မှန်တာပေါ့ ကိုဝိုင်းရဲ့ ”

“ ကျွန်တော်တို့ တိုင်းပြည်ကို တည်ဆောက်ကြတဲ့ နေရာမယ် ထိပ်ဆုံးစဉ်းစားသင့်တဲ့ အချက်တစ်ခု ကျွန်တော် မြင်တာပြောပါရစေ ”

“ ပြောလေ ”

“ ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေးဟာ အရေးအကြီးဆုံးပဲ ခင်ဗျ ”

“ ဒါတော့ ဘယ်သူမှ သံသယ မရှိပါဘူး။ နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုတွေက သင်ခန်းစာ ပြသနေတာပဲ ”

“ ကာကွယ်ရေးအင်အား တောင့်တင်းရန် ဆိုတာကလည်း စီးပွားရေးကောင်းမွန်ခိုင်မာမှသာ ဖြစ်နိုင်ပါတယ် ”

“ မှန်တယ်။ စီးပွားရေး နိမ့်ကျရင်တော့ ကာကွယ်ရေးတွင် အားနည်းရမှာပဲ ”

“ စီးပွားရေး ကောင်းမွန်တိုးတက်ဖို့ဆိုတာကတော့ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဝန်ဆောင်မှု အရည်အသွေးမြင့်မားရေး၊ ကုန်သွယ်မှုများ ချောမွေ့လွယ်ကူမြန်ဆန်ရေးတွေပါတာပေါ့ ”

“ မှန်တယ်။ အထူးသဖြင့် ထုတ်ကုန်မြင့်မားရေး

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပေါ့။ ဝင်ငွေတိုးတက်၍ ထွက်ငွေနည်းကြရင် စီးပွားရေး ပို ကောင်းတာမျိုးပဲလေ။ ရှင်းပါတယ် ”

“ ကိုအောင်ပြောတဲ့ ထုတ်ကုန်တိုးရေး၊ အရည်အသွေးကောင်းရေး၊ ဝင်ငွေတိုးတက်ရေးဆိုတာတွေဟာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ (၄) ချက် အခြေခံကျမယ်ထင်တယ် ”

“ ဘာတွေလဲ သူငယ်ချင်းရယ်၊ ပြောပြပါဦး ”

“ (၁) စိုက်ပျိုးရေး ခေတ်မီရမယ်။

(၂) စက်မှုထွန်းကားရမယ်။

(၃) အခြေခံစီးပွားရေး အဆောက်အအုံတွေကို ပြည့်စုံအောင် တည်ဆောက်ပေးရမယ်။ ဥပမာ လျှပ်စစ်စွမ်းအား။

(၄) လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးရမယ်။

ဒီအချက်တွေဟာ မရှိမဖြစ် လိုအပ်တယ်ခင်ဗျ”

“ မှန်တယ်၊ ကိုဝိုင်းပြောတာတွေ သဘောကျတယ်။ ဆက်စမ်းပါဦး၊ စိတ်ဝင်စားတယ် ”

“ အထက်က (၄)ချက်ထဲမှာ ပင်မရေသောက်မြစ် အကြောင်းတရားက ဘယ်ဟာဖြစ်မယ် ထင်သလဲ ”

“ စတုတ္ထအချက်။ လူသားစွမ်းရည် အရင်းအမြစ်များ ဖွံ့ဖြိုးမှုဟာ အဓိက ကျမယ်ထင်တာပဲ ”

“ မှန်တာပေါ့ ကိုအောင်ရယ်။ လူတွေ တော်မှ တတ်မှ စိုက်ပျိုးရေးတွေ ခေတ်မီမယ်။ စက်မှုလုပ်ငန်းတွေ တိုးတက်



မယ်။ လူတွေ အရည်အချင်းရှိကြဖို့ နိုင်ငံသူ၊ နိုင်ငံသားတွေ အရည်အသွေး ပြည့်ဝဖို့ရာ ပဓာန အချက်ကြီးပေါ့ခင်ဗျာ ”

“ ဒါဆိုရင် လူတွေရဲ့ စွမ်းရည်စွမ်းအား မြင့်မားဖို့ရာ ပညာအမြော်အမြင်ရှိအောင်၊ အတတ်ပညာတွေ ကျွမ်းကျင်လာအောင် ကျောင်းသင်ပညာရေးနဲ့တော့ အချိန်တိုတို အတွင်းမှာ မလွှမ်းခြုံနိုင်လောက်ဘူး ကိုဝိုင်းရေ ”

“ ခင်ဗျား အမြင်ပြောဦးလေ ”

“ အသိပညာ အတတ်ပညာတွေဟာ စာပေမှလည်း ရနိုင်တယ်ဗျ။ စာပေဟာ ဗဟုသုတတွေလည်း ကျယ်ကျယ်ပြန့်ပြန့် ပေးတယ်။ သုတတင် မကဘူး။ ရသလည်း ပေးတာပဲ။ လူကို နူးညံ့ယဉ်ကျေးစေတယ်။ အတွေးအခေါ် မျှတစေတယ်။ လူလူချင်း နားလည်စာနာတတ်အောင် ဆွဲဆောင် သိမြင်စေတယ် ”

“ ဟုတ်တာပေါ့ ”

“ ဒါဆိုရင် လူတွေစာပေနဲ့ ရင်းနှီးအောင် စာအုပ်စာပေတွေကို အဖော်လုပ်နိုင်အောင် စာကြည့်တိုက်များသို့ စာကောင်းပေကောင်းတွေ ဝယ်ယူလှူဒါန်းကြတဲ့ စေတနာရှင် ပုဂ္ဂိုလ်တွေဟာ ဒါနအလှူရှင် **သူတော်ကောင်းများ** ဖြစ်ရုံသာမက အမြော်အမြင် ကြီးမားပြီး နိုင်ငံတော်ကို အရင်းအမြစ်မှာ မြေဆီထည့်၊ ရေလောင်း၊ ပျိုးထောင်ကြတာ ဖြစ်တဲ့အတွက် ပညာရှိများလို့လည်း ခေါ်ဆိုထိုက်တာပဲနော် ”

“ မှန်တာပေါ့ ”

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ ကိုဝိုင်းပြောမှ ကျွန်တော် သဘောပေါက်ရတယ်။ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ မြို့ပြ သာမက ကျေးလက်တွေပါ တိုးတက်ရမယ်။ မြေပြန့်သာမက တောင်ပေါ်ဒေသတွေလည်း ဖွံ့ဖြိုးရမယ်။ တိုင်းများသာမက ပြည်နယ်များလည်း စည်ပင်စေရမယ်။ ပြည်သူတွေကိုယ်တိုင် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေးမှာ ပါဝင်ကြရမယ် ”

“ ဟုတ်ပေတယ် သူငယ်ချင်းရေ့ . . . ”

“ ဒါနဲ့ အမျိုးသားညီလာခံမှာ တက်ရောက်နေကြတဲ့ အစုအဖွဲ့တွေက ဘယ်သူတွေလဲ။ ကျွန်တော် သတိမမူမိလို့ မေးတာပါ။ တောင်သူလယ်သမား ကိုယ်စားလှယ်တွေကော ပါရဲ့လားဟင် ”

“ သတင်းစာ၊ ရေဒီယို၊ တီဗီတွေမှာ မကြာခဏ ပါနေတာပဲ။ သူငယ်ချင်း သတိမထားခဲ့မိလို့ နေမှာပါ။ ထား ပါတော့။ အမျိုးသားညီလာခံမှာ ပြည်သူလူထု တစ်ရပ်လုံးက အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံ၊ လူမျိုးပေါင်းစုံ ကိုယ်စားလှယ် တွေ ထောင့်စေ့အောင် ပါဝင်ကြပါတယ်-

(၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ
(၂) ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ကိုယ်စားလှယ်များ
(၃) တိုင်းရင်းသားကိုယ်စားလှယ်များ
(၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ



(၅) အလုပ်သမား ကိုယ်စားလှယ်များ
(၆) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စား လှယ်များ
(၇) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ
(၈) အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ

“ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်း နိုင်ရန်အတွက် တိုင်ပင်ဆွေးနွေးနေကြသူများဟာ တိုင်းရင်း သားပေါင်းစုံ ပါဝင်ပြီး ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် ရှိပါတယ်။ လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ရေးသားနေကြတယ်။ မြန်မာနိုင်ငံတော်အတွက် သမိုင်းဝင် ဆောင်ရွက်ချက်ပဲ ဖြစ်ပါတယ် ”

“ ကျွန်တော်တော့ ယခုလို အခြေခံကောင်းတွေ ရရှိလာအောင် ဆောင်ရွက်နိုင်ကြမှာမို့ အနာဂတ်ပြည်ထောင် စုကြီးအတွက် မလွဲမသွေ ဖွံ့ဖြိုးတိုးတက် သာယာလာမယ်လို့ ယုံကြည်တယ် ”

“ ကိုအောင် မျှော်လင့်တဲ့အတိုင်း အောင်မြင်ပါ လိမ့်မယ် ”

ချစ်နိုင်(စိတ်ပညာ)
၁၇-၆-၂၀၀၄

♣ ♣ ♣

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ရွှေရောင်အခွင့်အလမ်း ပွင့်လန်းတော့မည်

" ဗျို့ ကိုကောင်း "

" ဗျာ . . . ကိုလှိုင် "

" မင်္ဂလာသတင်းတစ်ခု ထူးထူးခြားခြား သိခဲ့ရတယ်ဗျ "

" သတင်းဦး သတင်းထူးလား "

" ထူးသလား မထူးသလားတော့ မပြောတတ်ဘူးဗျာ။ အကယ်၍သာ အဲဒီစီမံဆောင်ရွက်နေချက်အကောင်အထည်ပေါ်လာခဲ့သော် မြန်မာစာရေးဆရာတွေဟာ စာအုပ်တစ်အုပ်ရဲ့စာမူခ ကျပ်သန်း ၁၀၀၀ကျော်အထိ ရရှိနိုင်ဖို့ အလားအလာရှိတယ် "

" ဟာ. . . ကျပ်သန်း ၁၀၀၀ဟုတ်လား "



" ဟုတ်ရုံတင် မကဘူး၊ သည့်ထက်တောင် များချင်များဦးမယ်။ ဒေါ်လာစားတွေ ဖြစ်လာမယ့်ကိန်းဗျ "

" ကိုလှိုင်. . . အိပ်မက်မက်နေတာလား။ စိတ်ကူးယဉ်တာတွေပြောနေတာလား "

" တကယ့်အဖြစ်ကို ခိုင်ခိုင်မာမာ သေသေချာချာ ပြောနေတာဗျာ "

" အားရဝမ်းသာစရာကြီးပါလား။ တကယ်သာဆိုရင်ဖြင့်ပေါ့နော်။ နားမရှင်းသေးဘူးဗျာ။ လိပ်ပတ်လည်အောင်ပြောပြစမ်းပါဦး "

" ကျွန်တော်တို့မြန်မာပြည်က ထုတ်ဝေတဲ့စာအုပ်တွေကို နိုင်ငံခြားတိုင်းပြည်တွေကို တင်ပို့ရောင်းချခဲ့တာ တစ်နှစ် ဘယ်နှအုပ်ရှိသလဲ "

" မသိဘူးဗျ "

" တစ်နှစ် တစ်နှစ် စာအုပ်ရောင်းလို့ရတဲ့ နိုင်ငံခြားငွေကော ဘယ်လောက်ရသလဲ "

" အဲဒါလည်း ကျွန်တော်မသိဘူးလေ "

" ခန့်မှန်းခြေ ဘယ်လောက်ရှိမယ် ထင်သလဲဗျာ "

" ဟာ. . . ကျွန်တော် မမှန်းတတ်ဘူး "

" ကဲ. . . ကောင်းပြီ။ များသလား၊ နည်းသလား"

" နည်းပါးမှာပါ။ နိုင်ငံတော်အနေနဲ့ ပြောပလောက်အောင် ဝင်ငွေ၊ စာအုပ်တွေ တင်ပို့ရောင်းချရလို့ရတဲ့ နိုင်ငံခြားငွေဟာ အမေရိကန်ဒေါ်လာ သန်းဂဏန်းရှိခဲ့မယ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မထင်ပါ "

" ဟုတ်ပြီ၊ အဲဒါဘာကြောင့်လဲ "

" မသိဘူးဗျ။ အကြောင်းအမျိုးမျိုးရှိမှာပေါ့ဗျာ။ ကျွန်တော်ဖြင့် ဘာမှမသိတာ အမှန်ပဲ "

" ကိုရီးယားနိုင်ငံမှာ အလုပ်လုပ်နေကြတဲ့ မြန်မာလူမျိုးတွေ ဘယ်လောက်ရှိမယ် ထင်သလဲ "

" ခန့်မှန်းခြေ ထောင်ဂဏန်း၊ သောင်းဂဏန်း "

" ဂျပန်နိုင်ငံမှာကော. . . "

" ကျွန်တော့အထင် သောင်းဂဏန်းကျော် "

" မလေးရှားမှာ သောင်းဂဏန်း၊ သိန်းဂဏန်း "

" သြစတြေးလျမှာကော. . . "

" သြစတြေးလျက ပြန်လာဖူးတဲ့မိတ်ဆွေတစ်ဦး ပြောတာဖြင့်ပတ်သ်မြို့ တစ်မြို့တည်းမှာတင် မြန်မာဦးရေ နှစ်သောင်းကျော်ရှိတယ်လို့ သိရတယ် "

" ဟုတ်ပြီ။ အမေရိကန်၊ ဗြိတိန်၊ အာရပ်နဲ့ တောင်အာဖရိက၊ ဥရောပ စသည်တို့မှာ ရှိကြတဲ့မြန်မာများအဖို့ မြန်မာပြည်က ထုတ်ဝေတဲ့ စာအုပ်များရရှိဖို့ရာ လွယ်သလား၊ ခက်သလား "

" ကျွန်တော် မဖြေတတ်ဘူး။ ကျွန်တော် မလေးရှားနဲ့ယိုးဒယားမြို့တွေက စာအုပ်ဆိုင်တွေမှာ မေးကြည့်ခဲ့၊ ဝင်ကြည့်ခဲ့ရာမှာတော့ မရှိသလောက်ပဲ "

" ဟုတ်တယ်၊ မလွယ်ဘူး။ အဆင့်ဆင့်နဲ့ တင်ပို့လို့



ရောက်တယ်။ ဝယ်လို့ရတယ်။ ဖတ်ရတယ်ဆိုရင်တောင်မှ ဈေးကြီးတယ်ဗျ။ တန်ရာ တန်ကြေးထက် ပို့ခ၊ သယ်ခ၊ ဖြန့်ချိရတာ တော်တော်ခက်တော့ တန်ဖိုးမနည်းလှတော့ဘူး ပေါ့ဗျာ။ အလွန် လက်ဝင်တယ်။ မဖြစ်စလောက် အရေအတွက်ပဲ ရောက်တယ် "

" အဲဒါဘာကြောင့်လဲ "

" မြန်မာစာအုပ်က ပြည်ပစာအုပ်ဆိုင်တွေ၊ နိုင်ငံခြား ဖြန့်ချိရေးကုမ္ပဏီတွေ လက်ထဲမရောက်ကြပါဘူး။ မရောက်ဆို နိုင်ငံတကာ စာအုပ်စံစနစ်အရ စာရင်းမဝင်ဘူး။ ကောင်တာနံပါတ် မရှိခဲ့ဘူး။ "

" ဟင် . . . ဟုတ်လား "

" ဒါ့ကြောင့်မို့လို့ မြန်မာပြည်က ထုတ်ဝေခဲ့တဲ့ စာအုပ်တွေဟာ စာအုပ်ဆိုင်မှာ စာရင်းသွင်းစရာ နံပါတ်နေရာ မရှိရှာဘူး။ နေရာမရဘူး "

" ဟင် . . . ဟုတ်လား "

" ထားစရာ နံပါတ်နေရာမရှိတော့ ဘယ်သူကမှလည်း ဆက်သွယ်၊ ဝယ်ယူ၊ ဖြန့်ဖြူးနိုင်ခြင်း များများစားစား မရှိဘူး။ ဈေးကွက်မဝင်ဘူး။ "

" ဟောဗျာ "

" ဘယ်သူ့ကိုမှ အပြစ်တင်နေတာ မဟုတ်ဘူးနော်။ မြန်မာပြည်က ထုတ်ဝေခဲ့တဲ့ စာအုပ်တွေဟာ အဲဒီ နိုင်ငံတကာ စံနှုန်း နံပါတ်နေရာ မရှိသေးတဲ့အတွက် စာကြည့်

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တိုက်ကြီးတွေမှာလည်း ထည့်စရာနေရာ မရှိဘူးတဲ့ "

" ဟာ . . . "

" နေရာမရှိတော့ ကမ္ဘာပေါ်ရှိ နိုင်ငံတကာ စာကြည့်တိုက်တွေကလည်း ဝယ်ချင်ပေမယ့် မဝယ်ဘူး "

" ဟင် . . . "

" အပြန်အလှန် လဲလှယ်ချင်ပေမယ့် မလဲဘူး "

" ဝယ်တာ၊ လဲတာ ရှိတော့ ရှိနိုင်တယ်။ အလွန်တရာပဲ နည်းလွန်းလှပါသတဲ့ဗျာ။ ဒါကြောင့် မြန်မာလိုပဲ ရေးရေး၊ အင်္ဂလိပ်လိုပဲ ရေးရေး ယနေ့အထိ ပြည်ပဈေးကွက်ကို မြန်မာစာအုပ်တစ်အုပ်မှ ဖြစ်ဖြစ်မြောက်မြောက် လုံးဝ မထိုးဖောက် မရောက်ရှိခဲ့သေးပါဘူး ခင်ဗျာ "

" အလို . . . စိတ်မကောင်းစရာပါလားဗျာ။ ခင်ဗျားပြောမှပဲ ဝါးလုံးခေါင်းထဲမှာ လသာနေတဲ့အဖြစ်ကို အကွင်းလိုက်ကြီး မြင်ရတယ်။ သြော် . . . စိတ်ဆင်းရဲစရာပါလား။ မြန်မာစာအုပ်ဈေးကွက်က ပြီးခဲ့တာတွေ ရှိပါစေတော့။ အဲသလို အခြေအနေ ရှိခဲ့ကြရာမှ ယခုအခါမှာ I.S.B.N ခေါ်တဲ့ International Standard Book Number အေဂျင်စီ၊ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့မှာရှိတဲ့ နိုင်ငံတကာအဖွဲ့ကို ယခု ဆက်သွယ်ပြီး မြန်မာပြည်မှ စာအုပ်ရေးသားထုတ်ဝေနေကြသူများကို တရားဝင်၊ စာရင်းဝင် နံပါတ်ရဖို့ ဆက်သွယ်ဆောင်ရွက်နေကြပါပြီ "

" ဘယ်သူတွေ လုပ်နေကြပြီလဲ "



" ပြန်ကြားရေးဝန်ကြီးဌာနက ပါဝင်ပြီး သက်ဆိုင်ရာ ပြည်ထဲရေး၊ နိုင်ငံခြားရေး၊ သာသနာရေး၊ လုံခြုံရေးစတဲ့ ပုဂ္ဂိုလ်များနဲ့ တိုင်ပင်ညှိနှိုင်းကာ အေဂျင်စီတစ်ဖွဲ့ ထူထောင်ဖွဲ့စည်းမယ်။ နည်းလမ်းရှာဖွေ ဆက်သွယ်မယ် "

" ဟုတ်လား "

" ဟိုက အဖွဲ့ဝင်နံပါတ်တွေ ရလာရင် မြန်မာပြည်အတွင်းမှ ပုံနှိပ်ထုတ်ဝေတဲ့ ထုတ်ဝေသူတွေကို နံပါတ်များ စနစ်တကျ ဖြန့်ဝေသတ်မှတ်ပေးမယ် "

" ဟုတ်လား "

" အဲဒီအခါ ယခုမြန်မာပြည်မှာ စောင်ရေ လက်ရှိ သုံးထောင်၊ ငါးထောင် ရိုက်နေရတဲ့ လုံးချင်းစာအုပ်မျိုးတွေဟာ တစ်ကမ္ဘာလုံးက စာအုပ်ကုမ္ပဏီတွေဆီမှ တိုက်ရိုက်အမှာစာ ရနိုင်တဲ့အတွက် စောင်ရေပေါင်း တစ်သောင်း၊ တစ်သိန်း ဖြစ်သွားနိုင်တယ်။ နိုင်ငံခြားငွေတွေလည်းရမယ် "

" ဟ . . . တယ်ဟုတ်ပါလား။ အီးမေးလ်နဲ့ဆို မြန်ပြီပေါ့ "

" မဂ္ဂဇင်း၊ ဂျာနယ်တွေလည်း စောင်ရေ သန်းနဲ့ချီပြီး ကျယ်ပြန့်စွာ တင်ပို့ဖြန့်ချိနိုင်တဲ့ အခြေအနေအထိ ထိုးဖောက်ရောက်ရှိသွားလိမ့်မယ် "

" ဟာ . . . စာရေးဆရာတွေ၊ ထုတ်ဝေသူတွေ အတွက် ရွှေအခွင့်အလမ်းပါလား "

" အဲဒီစာအုပ်ကို အခြားနိုင်ငံမှ ထုတ်ဝေသူက နှစ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သက်သဘောကျလို့ တရားဝင် ထပ်မံ ထုတ်ဝေချင်ပါတယ် ဆိုရင်လည်း မြန်မာပြည်မှ စာရေးဆရာဟာ ဒေါ်လာ သန်းနဲ့ ချီပြီး စာမူခရမယ်။ နိုင်ငံတော်လည်း နိုင်ငံခြားဝင်ငွေ အများကြီးတိုးပြီး ရရှိမယ်။ ”

“ ဟာ . . . စာပေလောကမှနေ ဒေါ်လာ ရှာဖွေတော့မယ် ”

“ ဟုတ်တယ်။ ဒီတံတားကို ထိုးကို ထိုးရမယ်။ ဒီလမ်းကို ဖောက်ကိုဖောက်ရမယ်။ မရမနေ ကြိုးပမ်းရမယ့် လုပ်ငန်းတာဝန်တစ်ခု ဖြစ်ပါတယ် ”

“ အဖျက်သမားတွေက ညစ်ရင်ကော ”

“ ဖြုတ်ကျော်ရမှာပဲ ”

“ ပြည်ပ ဖိနှိပ်ချင်သူတွေက ပိတ်ပင်ရင် . . . ”

“ ဒါကိုလည်း ကျော်လွှားရမှာပဲ ”

“ အရင်လူတွေလည်း ကြိုးစားခဲ့ကြဖူးမှာပဲ။ ကြီးမားတဲ့ အခက်အခဲတွေ ရှိလို့သာ မပေါက်ရောက်ခဲ့တာနေမှာ။ မလွယ်လောက်ဘူးနော် . . . ကိုလှိုင် . . . ”

“ မှန်တယ်။ သူငယ်ချင်းပြောသလို ခက်ခဲဝေးလံ ကြမ်းတမ်းတဲ့ လမ်းပင်ဖြစ်ပါစေ။ အသေခံ၍ပင် အလျားခင်းပြီး တံတားနင်းတာ လုပ်ချင်လုပ်ရပါစေ။ မိမိနိုင်ငံအတွင်းမှာ ရှိတဲ့ စာပေရေးသားသူတွေ၊ စာရေးဆရာ၊ ထုတ်ဝေသူတွေ၊ နိုင်ငံရဲ့ဂုဏ်၊ လူမျိုးရဲ့ ဂုဏ်တို့ကို နိုင်ငံတကာမှာ ရင်ပေါင်တန်းအောင် စွမ်းဆောင်ချင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါ။



သူတို့ရဲ့ အားပေးထောက်ခံမှုတွေ၊ အကူအညီတွေ၊ အကြံအား၊ ဉာဏ်အားတွေ စုပေါင်းအားနဲ့ မြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေဟာ အရိုးကျေကျေ၊ အရေခန်းခန်း၊ မဆုတ်တမ်း ကြိုးပမ်းမယ့်ပုံပဲ ”

“ အားရတယ်ဗျာ။ မြန်မာ တတ်/သိ ပညာရှင်တွေနဲ့ မြန်မာစာရေးဆရာတွေရဲ့ စာအုပ်တွေ နိုင်ငံတကာစာအုပ်ဆိုင်တွေပေါ်မှာ၊ စာကြည့်တိုက်တွေပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့် တရားဝင်နေရာ ရလာကြတော့မယ်ဆိုတော့ ဝမ်းသာစရာကြီးပေါ့ဗျာ ”

“ အောင်ပါစေ . . . သပြေပန်းနဲ့ ရေချမ်းကိုလောင်း။ မြန်မာစာအုပ်ကောင်းတွေ ပြည်ပသို့ ထိထိရောက်ရောက် တင်ပို့ရောင်းချနိုင်ကြပါစေသော် ”

“ အားလုံးက စိတ်ပါလက်ပါ အားပေးကြရင် အောင်မြင်မယ်ဗျာ ”

**ချစ်နိုင်(စိတ်ပညာ)**
**ပြည်မြန်မာသတင်းဂျာနယ်**
**အမှတ်(၃၆၈)၊ ၃-၇-၂၀၀၃**

♣ ♣ ♣

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



## ဟောပြောပွဲစရိုက်များ

'ကိုကောင်းရေ'

'ဗျာ . . . ကိုလှိုင်'

'ဒီနှစ်စာဆိုတော် ဟောပြောပွဲ သတင်းတွေ ပြောပါဦး။'

'သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ ပါတဲ့အတိုင်းပါပဲ။ အနယ်နယ် အရပ်ရပ်မှာ စာဆိုတော်နေ့နဲ့ ဆိုင်တဲ့ ဟောပြောပွဲ၊ စကားရည်လုပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲတွေ ကျင်းပနေကြတာ အားရစရာပါပဲ'

'ကမ္ဘာပေါ်မှာ မြန်မာပြည်တစ်ခုသာ ယခုလို စာဆိုတော် ဂုဏ်ပြုပွဲတွေ လုပ်တာဆို'

'ဟုတ်တယ်။ ကျွန်တော်လည်း ဒီလိုပဲ ကြားဖူး၊ မှတ်ဖူးတယ်'



'ထူးခြားတဲ့ အစဉ်အလာနဲ့ ဂုဏ်ယူစရာကောင်းတဲ့ မြန်မာတို့ရဲ့ ဝိသေသလက္ခဏာပေါ့နော်'

'မှန်တယ်ဗျ။ ဦးပုညနေ့၊ အချုပ်တန်းဆရာဖေနေ့၊ ရှင်မဟာရဋ္ဌသာရနေ့၊ ရှင်မဟာသီလဝံသနေ့ရယ်လို့ ရှေးရှေးသော စာဆိုတော်ကြီးများကို တစ်ဦးချင်းမွေးနေ့၊ ကွယ်လွန်နေ့တွေ အမှတ်တရ လုပ်မနေတော့ဘူး။ နိုင်ငံနဲ့ လူမျိုးအတွက် စာပေအမွေ ထားရစ်ပေးခဲ့တဲ့ စာရေးဆရာ၊ စာဆိုတော်နေ့ရယ်လို့ ဂုဏ်ပြုလိုက်တာဟာ သိပ်ပြီးမှန်မြတ်တယ်ဗျာ'

'ပုဂ္ဂလဓိဋ္ဌာန်သဘောကို ကျော်လွန်ပြီး အများပြည်သူအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြတဲ့ စာဆိုတော် အားလုံးကို အကျုံးဝင်သွားစေအောင် ကျယ်ပြန့်တော့ အင်မတန်ကောင်းတာပဲ'

'ဒါဆို ခင်ဗျားတို့ အမျိုးသားစာပေဆု စာရေးဆရာတွေ သွားကြမှာပေ့ါ'

'ကျွန်တော်ကတော့ အမျိုးသားစာပေဆု မရဖူးပါဘူးဗျာ။

'ဘာဆု ရရ မရရ ။ အဲဒါက အဓိက မကျပါဘူး။ ဟောပြောကြတဲ့ အခါမှာသာ စာပေမြတ်နိုးသူ၊ စာဖတ်ပရိသတ်အကျိုးရှိအောင် ထိထိရောက်ရောက် ပြောတတ်ဖို့ လိုတာပဲ'

'ကိုကောင်းက အကြံပေးစမ်းပါအုံး'

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



'အထူးပြောစရာ မရှိပါဘူးဗျာ၊ စာပေဟောပြောပွဲတွေမှာ အောင်မြင်ထင်ရှားကြတာတော့ ဆရာကြီး ဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာကြီးသုခ၊ ဆရာကြီး လူထုဦးလှ၊ ဗိုလ်ဗကို၊ မြတ်လေး၊ မင်းကျော်၊ ကြပ်ကလေး အစရှိတဲ့ ပုဂ္ဂိုလ်များ ဟောပုံ၊ ပြောပုံတွေကို နည်းယူလေ့လာရင် သိမြင်နိုင်ပါတယ် '

'ခင်ဗျားပြောတဲ့ ဆရာသမားတွေက အခု သက်ရှိထင်ရှား ဆရာကြီးသုခ တစ်ယောက်လောက်သာ ရှိတော့တာပဲ။ လက်ရှိဆရာတွေထဲက ပြောပါဦး '

'အဟောအပြော ကောင်းကြတဲ့ နေရာမှာ သိပ္ပံမှူးတင်၊ လယ်တွင်းသားစောချစ်၊ ချစ်ဦးညို၊ အောင်သင်း၊ ဆောင်းဝင်းလတ်၊ သံလျင်မောင်မောင်ဦး၊ မောင်စိန်ဝင်း (ပုတီးကုံး) . . . '

'အမျိုးသမီး စာရေးဆရာတွေထဲကတော့ ? '

'ကျွန်တော်နားထောင်ဖူးသမျှထဲက ပြောရတာလေ။ အပြည့်အစုံတော့ ဘယ်သိမှာလဲဗျာ။ အမျိုးသမီး စာရေးဆရာမတွေထဲက အဟောအပြောမှာ ပိုင်ပိုင်နိုင်နိုင် ဟောပြောတတ်ကြတာ (ကြားရမြင်ရသမျှ တင်ပြရရင်) ယုဝတီခင်စိန်လှိုင်၊ စောမုံညင်း၊ ကြူကြူသင်း၊ မစန္ဒာ၊ . . . . '

'ဟင် - ဒါတော့ ခင်ဗျားက စာပေနဲ့ စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင် ဖြစ်နေတဲ့ ဆရာမကြီးတွေချည်း တမင်



ရွေးပြောသလို ဖြစ်နေပြီ '

'ကျွန်တော်ကလည်း သူတို့ဟောပြောတာပဲ နားထောင်ခဲ့ရတဲ့ အခွင့်အရေး ကြုံကြိုက်တာကိုး သူငယ်ချင်းရဲ့။ အခြားစာရေးဆရာတွေ၊ စာရေးဆရာမတွေလည်း အရေးအသား ကောင်းကြသလို အဟောအပြောလည်း ကောင်းကြမှာပါပဲ။ သူများဆီက ကောင်းတာတွေ အတုယူရရင် မိမိအတွက် အကျိုးရှိနိုင်ပေတာပေါ့ ခင်ဗျာ '

'ကျွန်တော်ကတော့ ယခု သွားရောက်မယ့် ခရီးမှာ အောင်မြင်ကြောင်းတရားဆိုတာကို တစ်နေရာရာမှာ ပါအောင် ထည့်ဟောမယ် '

'ဘာတွေလဲ ? '

**'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်**
**ဖြူအောင် စိတ်ကိုထား။**
**ပြောပြုတွေးလျှင် သတိယှဉ်**
**ဆင်ခြင်ဉာဏ် ရှေ့သွား။**
**လုံ့လနှင့် ဌွဲ၊ မလျှော့ဘဲ အမြဲတင်းတင်းထား။**
**အရာရာတွင်၊ အသုံးဝင်**
**အောင်မြင်ကြောင်းတရား '**

'ကောင်းပါတယ်၊ ဒါဟာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အနှစ်သာရ တရားဓမ္မတွေပါပဲ။ ဓမ္မပဒ ပါဠိတော်မှာ ပါရှိပါတယ်-

သဗ္ဗ ပါပဿ အ ကရဏံ၊

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကုသလ သ ဥ ပ သမ္ပဒါ
သ စိတ္တ ပရိယော ဒါပနံ
ဧတံ ဗုဒ္ဓါန သာသနံ။
မကောင်းမှု ဟူသမျှကို ရှောင်ကြဉ်ခြင်း၊
ကောင်းမှုတို့ကို ဖြည့်ကျင့်ခြင်း၊
မိမိစိတ်ကို ဖြူစင်အောင်ထားခြင်း၊

ဤအရာသည် မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်ပေသည်လို့ ဆိုရမှာပေါ့ '

' ဟုတ်တယ်။ ကျွန်တော်ရွတ်ဆိုပြခဲ့တဲ့ လင်္ကာသံပေါက်လေးကတော့ ချမ်းမြေ့ဆရာတော်က သူငယ်ချင်းပြောတဲ့ တရားတော်ကို စီကုံးထားတာ '

' နောက်ပြီးတော . . '

' တရားဟောသလို ဘာသာရေးကြောင်းတွေချည်း မဖြစ်ရအောင်တော့ ပြင်ဆင်သွားရမှာပေါ့ဗျာ။ ရွှေဟင်္သာ ဆရာတော်ဘုရားကြီး သီကုံးတော်မူခဲ့တဲ့ လင်္ကာကဗျာလေးလည်း ထည့်ပြီး ဆီလျော်အောင် ဟောပြောလိုက်ချင်သေးတယ် - '

' ဘာတဲ့လဲ ပြောပါဦး '

**' ကိစ္စဟူက လုံးဝဥဿုံ**
**ကိုယ်တိုင်ထကြွ ပြုမှ ပြည့်စုံ**
**သူများအားကိုး ကိုယ့်အားညှိုးပုံ**
**ညက်နှင့်ကြည့် များ၏ ဤလူ့ဘုံ '**



' ဒါလည်း ကောင်းတာပါပဲ။ အနှစ်သာရ ရှိသားပဲ '

' အေးပေါ့လေ။ အကြောင်းအရာ အနှစ်သာရပါရလေအောင် ဒီအချင်းအရာတွေကို ကြောရိုးပြုပြီး ဟောပြောဖို့ ပြင်ဆင်ပြုစုနေပါတယ် '

' ပြုစုနေရတယ် - ဟုတ်လား '

' ဟုတ်တာပေါ့ - ကိုကောင်းရဲ့။ ဟောပြောပွဲတစ်ခုတက်ပြောဖို့ရာ မပြင်မဆင်၊ မလေ့မလာ၊ မစုဆောင်း၊ မပြုစုဘဲ တက်ဟောရင် ဘယ်ကောင်းမွန်နိုင်ပါ့မလဲ '

' မပြင်ဆင်ရင် မကောင်းဘူး '

' ဒါပေါ့ သူငယ်ချင်းရာ။ အင်မတန်တော်တဲ့ လူ၊ အင်မတန် အဟောအပြော ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်မျိုးပင် ဖြစ်ပါစေ - သေသေချာချာ လေ့ကျင့်စုဆောင်း ပြင်ဆင်မှု မကောင်းခဲ့ရင် ဟောပြောချက်က မကောင်းနိုင်ပါဘူး '

' ဟုတ်လား '

' ဒါဟာ နိယာမပဲ။ သေသေချာချာ စေ့စေ့စပ်စပ် အချိန်ပေးပြီး အထပ်ထပ် ပြင်လေ၊ လေ့ကျင့်လေလေ၊ ပွဲဝင်တဲ့အခါ အောင်မြင်လေလေပဲ '

' အင်း - ကိုလှိုင်ကတော့ ဟောပြောပွဲတစ်ခု တက်ပြောဖို့ရာကို စစ်ပွဲတစ်ပွဲ ဆင်နွှဲတော့မှာ ကျနေတာပဲ။ ဂရုတစိုက် အလေးထားပြီး စုဆောင်းပြင်ဆင်နေတော့တာကိုး '

' စာရေးတဲ့အခါ စာဖတ်ပရိသတ်ကို လေးစားရှိသေရသလိုပဲ။ စာပေဟောပြောတဲ့အခါ စာပေမြတ်နိုးသူ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လူထုပရိသတ်ကို လေးစားတန်ဖိုးထားရမယ်လေ သူငယ်ချင်း မဟုတ်ဘူးလား '

**ချစ်နိုင်(စိတ်ပညာ)**
**အကောက်ခွန်သတင်းဂျာနယ်**
**၆-၁-၂၀၀၄**

♣ ♣ ♣



# အဆန်လမ်း၊ အစုန်လမ်း

" ကိုကောင်းရေ "

" ဗျာ . . . ကိုလှိုင် "

" ကိုကောင်း မန္တလေးသို့ ရောက်ခဲ့စဉ်က အမရပူရ မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားပြီး လှူဒါန်းခဲ့တယ် ကြားမိတယ်၊ ဟုတ်သလား "

" မှန်ပါတယ် ခင်ဗျာ။ သို့သော် မများလှပါဘူး။ မိမိစွမ်းသမျှ ချွေးနဲ့စာလေးထဲက စုဆောင်းရတာလေးပါ "

" သာဓုပါဗျာ။ သာဓု သာဓု။ ကောင်းမှုဆိုတာ နည်းနည်းများများ စုဆောင်းရတာ ကောင်းကျိုးရပါတယ်။ ဘယ်လောက်လှူခဲ့သလဲ ? "

" သုံးသောင်းငါးထောင်ပါ "

" နည်းတာ၊ များတာ ပဓာန မဟုတ်ပါဘူးခင်ဗျာ။

စာအုပ်များကို ထပ်မံကြည့်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သံယာအပါးတစ်ထောင်ကျော်ရှိတဲ့ စာသင်တိုက်ကြီးအဖို့ ဆွမ်းဝေယျာဝစ္စ အစရှိသည်တို့အတွက် မပူမပင် ကြိုးစားနိုင်ကြစေဖို့အထောက်အပံ့ ဖြစ်တာပေပေါ့ "

" ရောက်အောင်သွားပြီး လျှုဒါန်းဖြစ်ခဲ့တာ အလွန်တရာပဲ ကြည်နူးပီတိဖြစ်မိပါတယ်။ အကြောင်းတိုက်ဆိုင်တော့ ကျောက်တော်ကြီးဘုရား (တောင်မြို့)ကိုလည်း ဝင်ရောက်ဖူးမြော်ခွင့် ရခဲ့ပါတယ် "

" တောင်မြို့မှာ ကျောက်တော်ကြီးဘုရား ရှိသလား"

" ရှိတယ်ခင်ဗျ၊ အလွန်တရာ ကြီးမားတော်မူပါတယ်။ သပ္ပာယ်တင့်တယ်တာလည်း ထင်ရှားကျော်ကြားတော်မူပါတယ်။ မန္တလေးတောင်ခြေမှာ ကျောက်တော်ကြီးတစ်ဆူရှိပါတယ်။ စစ်ကိုင်းမြို့ညောင်ပင်ကြီးဆိပ်အနီး ဧရာဝတီမြစ်ကမ်းနဖူးပေါ်မှာလည်း အလွန်တရာ သာယာလှပတဲ့ ရှုခင်းနဲ့ ကျောက်တော်ကြီးတစ်ဆူရှိပါသေးတယ်။ အမရပူရ ကျောက်တော်ကြီးကိုတော့ ကျွန်တော် ယခုမှ ဖူးခဲ့ရတာပဲ "

" ရန်ကုန်မြို့သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်း ပင့်ဆောင်တော်မူခဲ့တဲ့ လောကချမ်းသာ ရုပ်ပွားတော်ကြီးပါဆိုရင် အင်မတန်ကြီးမားတဲ့ ကျောက်တော်ကြီးဘုရားဆင်းတု (၄)ဆူဟာ ထင်ရှားတာပေါ့နော် "

" ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားဟာလည်း ထူးခြားဆန်းကြယ် ကြည်ညိုဖွယ်ရှိလို့ ဘုရားဖူးများ နေ့စဉ်မပြတ် စည်ကားထင်ရှားပါတယ်။ အဲဒါလည်း စကျင်



တောင်ကျောက်ပဲ ဖြစ်လောက်ပါတယ် "

" ကျောက်တော်ကြီးရယ်တော့ မခေါ်တွင်ဘူး "

" ဘယ်လိုပဲဖြစ်စေ၊ မြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ဆင်းတုတော်များဟာ သတ္တဝါအများကို ကြည်ညိုဦးခိုက်ရတာမို့ ကုသိုလ်အများကြီးပေးတာချည်းပါပဲဗျာ "

" ကိုကောင်းရေ သံဃာတော်တွေထဲက စာရေးတဲ့ ပုဂ္ဂိုလ်များကို ဘယ်လိုမြင်သလဲ "

" သံဃာတော် ၉၉၉ပါးကတော့ ကြည်ညိုလေးမြတ်စရာ ကောင်းကြတာမို့ သာဓု သုံးကြိမ်ခေါ်မိတာပါပဲဗျာ"

" တစ်ပါးတစ်လေကတော . . . "

" ရဟန်းဖြစ်ပါလျက်နဲ့ သာသနာတော်အကျိုး၊ ဘာသာအကျိုးတို့ကို မထမ်းရွက်၊ မကျင့်ဆောင်ဘဲ အလှအပ အနုရသ ဝတ္ထုတွေ၊ ကဗျာအနုအကွန့်တွေမှာ မွေ့လျော်ရင်တော့ မသင့်ဘူး ထင်တာပဲ "

" ဘာဖြစ်လို့လဲ "

" ရဟန်းဆိုတာ ပရိယတ္တိ စာပေဆည်းပူးရန်။ ပဋိပတ္တိ ဝိပဿနာ ဘာဝနာ လေ့ကျင့်ပွားများရန်။ ဒီလို လုပ်ငန်းနှစ်ရပ်ရှိတာကိုး။ ဂန္ထဓူရ၊ အသိမြင့်အောင် ကြိုးပမ်းရန်နဲ့ ဝိပဿနာဓူရ အကျင့်ဖြောင့်မှန်အောင် ထူထောင်ရန်ဆိုတဲ့ တာဝန်ပေပေါ့ "

" ဝတ္ထုရေးတာ ဝိနည်းတော်နဲ့ မညီဘူးလား "

" ကျွန်တော်မသိဘူး။ သို့သော် ငိုအောင်၊ ရယ်

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အောင် ရေးတာ၊ ပြောဟောတာမျိုးတွေကိုတော့ ဇာတ်သမား ဆန်တဲ့အတွက် ပဟာသ ငရဲသို့ ကျရရောက်ရတတ်တယ် ကြားဖူးတာပဲ "

" ပဟာသ ငရဲဆိုတာ ဘာလဲ "

" သဘင်သည်များ လူအများကို ငိုစေအောင်၊ ရယ်စေအောင် ဟန်ဆောင်လှည့်စားပြီး အဝိဇ္ဇာတရား ထူပြောမှောင်မည်းအောင်၊ လုပ်ဆောင်တဲ့ အကုသိုလ်အတွက် ခံစားရတဲ့ ဆင်းရဲ ပူလောင်မှုလို့ ကြားဖူး၊ မှတ်ဖူးတာပဲ "

" ကျွန်တော်ကတော့ တရားစမ္မ စာပေပဲ ရေးရေး၊ ရသစာပေ၊ အနုစာပေ၊ ဘယ်လိုစာပေတွေပဲ ရေးရေး စာရေးတာဟာ ပြဇာတ် ကပြတာ မဟုတ်ပါဘူးဗျာ။ ရုပ်ရှင်ရိုက်တာလည်း မဟုတ်ပါဘူး။ စာရေးတာနဲ့တော့ ရဟန်းတော်များ ငရဲမကြီးဘူးလို့ ထင်တာပဲ "

" ကိုလှိုင်ထင်တာ ထင်လို့ရပါတယ်။ ဘယ်သူကမှ မတားပါဘူး "

" အပြစ်ဖြစ်တယ်ဆိုရင်လည်း သိက္ခာပုဒ် အမျိုးအစားတွေထဲမှာ ကြီးကျယ် ပြင်းထန်တဲ့ အမှုကံမျိုးတော့ ဟုတ်မယ်မထင်ဘူးဗျ။ လဟုကံခေါ်တဲ့ သေးဖွဲသေးငယ်တဲ့ အမှုမျိုးသာ ဖြစ်လို့ အာပတ်ဖြေရင်ရမယ်ထင်တာပဲ "

" ကိုလှိုင်ထင်တာ ပြောပါလေ။ ဘယ်သူကမှ မကန့်ကွက်ပါဘူး "

" စာဖတ်သူများအတွက် ကောင်းကျိုးရစေလိုတဲ့



စေတနာနဲ့ ရေးသားတာပဲ ဖြစ်ဖို့လိုပါတယ်။ ရန်မီးပွားအောင်၊ ဒေါသခက်ထန်လာအောင်၊ လောဘပိုပွားများအောင်၊ ပိုမိုမိုက်မဲ ရိုင်းစိုင်းအောင် ရေးတာမျိုး မဟုတ်ရင် ပြီးတာပဲလို့ ကျွန်တော်ထင်တယ်ဗျာ "

" ထင်ပါဗျာ၊ ထင်ပါ။ ရပါတယ်ဗျာ "

" ကိုကောင်းကကော ဘယ်လိုထင်သလဲ ?

" စာပေနဲ့ ရဟန်းဟာ သင့်လျော်တင့်တယ်ပါတယ်။ ယေဘုယျအနေနဲ့ မှန်ကန်ပါတယ်။ သို့ပေမယ့် လောကကောင်းကျိုး၊ သတ္တဝါဝေနေယျတို့ရဲ့ ကောင်းကျိုး အလင်းဘက်သို့ တိုးတက်ဖြစ်ပေါ်စေတာ မှန်သမျှ ကောင်းစွာ နာကြားကြတာနဲ့အမျှ ဖေတော့ မောင်တော့၊ အချစ်ဘွဲ့၊ သံယောဇဉ်ဘွဲ့၊ မော်ဒန်ကဗျာ၊ ကာရန်တိုက်ပွဲ ဘာဘာညာညာတွေထဲ ဝဲလှည့်ကာ လူတကာရဲ့ ကြည်ညိုဖွယ်ရာ မဖြစ်တဲ့ အရေးအသားမျိုးတွေ ရှိလာရင်တော့ ကြည်ညိုစရာ မဖြစ်လာဘဲ သူ့ကို သနားစရာ ဖြစ်ရရှာပေမယ် "

" စကားမစပ်ဗျာ။ တရားဘာဝနာရေးရာ ရေးသားဟောကြားတော်မူတဲ့ ဆရာတော်များရဲ့ စာအုပ်တွေက ဘယ်လောက်ရောင်းရ၊ ထုတ်ရသတဲ့လဲ "

" စောင်ရေ သုံးသောင်း၊ လေးသောင်း၊ ငါးသောင်း"

" အချစ်ဝတ္ထု၊ မော်ဒန်ကဗျာ ရေးကြတဲ့ အချို့ အချို့ ပုဂ္ဂိုလ်တို့ရဲ့ စာအုပ်မျိုးကကော၊ ဘယ်လောက်ထုတ်ရသလဲ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ငါးရာ၊ တစ်ထောင်၊ မကုန်နိုင်ပေါင် "

" ဪ . . . စာဖတ်ပရိသတ်ကလည်း တကယ်တမ်းတော့ ရွှေလား၊ ခဲလား ခွဲခြားနားလည်ကြပြီးသားပါ တကား "

ချစ်နိုင်(စိတ်ပညာ)
၉-၉-၂၀၀၃

♣ ♣ ♣



# ဩဇာသီး၊ ဇွက်ဖျောသီး၊ သရက်သီးပေါတဲ့နှစ်

" ကိုအောင်ရေ "

" ဗျာ . . . ကိုဝိုင်း "

" သက္ကရာဇ် ၁၉၉၉ခုနှစ်ရဲ့ ထူးခြားမှုကို သတိထားမိရဲ့လား "

" ဘာများပါလိမ့်ဗျာ "

" ဒီနှစ်သရက်သီး သိပ်ပေါတယ်။ ခင်ဗျား အဲဒါကို မှတ်မိလား "

" ဟာ - အဲဒါတော့ အမှန်ပဲ။ အရင်နှစ်တွေက သရက်သီးတစ်လုံး ၁၀-၁၅ ပေးမှရတဲ့ဥစ္စာ၊ ဒီနှစ် ၅-၆ိ ပဲ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပေးရတယ်။ ဈေးချိုချိုနဲ့ တော်တော်ပေါပေါ စားရတယ်ဗျ။

“ သရက်သီး ဈေးကျတော့ သရက်ပင် ပိုင်ရှင် တောင်သူလယ်သမားတွေ အရင်နှစ်တွေကထက် ဝင်ငွေကျ ရှာမှာပဲလို့ ခင်ဗျားမထင်မိဘူးလား။ ”

“ အရင်က မစဉ်းစားမိပါဘူးဗျာ။ ကိုဝိုင်းပြောမှ သတိရတယ်။ တောင်သူတွေ သနားပါတယ်ဗျာ၊ သူတို့များ ဒီနှစ် ပိုက်ဆံအရှုံးနည်းကြမှာပေါ့ ”

“ မဟုတ်ဘူး ကိုအောင်ရဲ့ ”

“ ဗျာ . . . ဘာကြောင့်လဲ ”

“ ဒီနှစ် သရက်ပွင့်၊ သရက်ကင်းဖူးတဲ့အချိန် ကာလမှာ လေတော်တော်ငြိမ်တယ်။ ဒီနှစ်မြေဆီဩဇာက လည်း ခါတိုင်းနဲ့မတူဘူး၊ အတော်တက်တယ်။ ဒါ့ကြောင့် သရက်သီးတွေဟာ အနယ်နယ်အရပ်ရပ်မှာ စံချိန်အမြင့်ဆုံး တင်အောင် ပွင့်ခဲ့ပြီး သီးခဲ့တယ် ”

“ ဟာ . . . ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြတယ်ပေါ့ ”

“ ဟုတ်တယ်၊ သရက်သီးအမျိုးမျိုးဟာ မကြုံစဖူး ဒီနှစ် သီးတယ်။ အောင်လည်း အောင်တယ်၊ ကြွေလည်း မကြွေဘူး။ ဒါကြောင့် သရက်သီးအထွက်နှုန်းဟာ ယခင်နှစ် တွေကထက် နှစ်ဆ သုံးဆ ထွက်ခဲ့တယ်။

“ ဟုတ်လား ”

“ ဒါ့ကြောင့် ပြည်သူအများ သရက်သီးကို ဈေး ပေါပေါ ဈေးချိုချိုနဲ့ စားကြရပေမယ့် သရက်ပင်ပိုင်ရှင်များ



မှာတော့ ပိုက်ဆံလျော့ပြီး မရဘူးခင်ဗျ။ နှစ်တိုင်းထက်ပင် သာလွန်အောင် ရခဲ့ကြပါသတဲ့ဗျာ။ ကားတွေ ဆိုင်ကယ်တွေ နဲ့ ချမ်းသာနေကြပြီ ”

“ သေချာရဲ့လား သူငယ်ချင်းရဲ့ ”

“ ကြိုက်တဲ့နေရာမှာ မေးကြည့်နိုင်ပါသဗျာ ”

“ ဒါဖြင့် ဝမ်းသာတယ်ဗျာ၊ ဒီမယ် . . . သရက် သီးတင်မကဘူးဗျ၊ အခု ဩဇာသီးတွေပေါ်နေပြီ ”

“ ဟုတ်ပ ”

“ ဩဇာသီးတွေလည်း ဒီနှစ်မကြုံစဖူး ဈေးချိုတာပဲ သူငယ်ချင်းရ ”

“ မှန်တယ်ဗျ။ ကိုအောင်ပြောတဲ့အတိုင်း ဒီနှစ် ဩဇာသီးတွေ အလွန်ပေါတာပဲ။ ယခင်နှစ်တွေက တစ်လုံး ၁၀-၁၅ကျပ်မှ ရနိုင်တာ၊ ဒီနှစ် ဩဇာသီးလှလှတစ်လုံး ၅ကျပ်၊ ၆ကျပ်နဲ့ ပေါပေါများများ ဝယ်စားနိုင်ကြသဗျာ ”

“ အဲ . . . ကိုဝိုင်းနဲ့ စကားပြောရင်း တစ်ခု သတိ ရလာပြန်တယ် ”

“ ဘာများပါလိမ့်ဗျာ ”

“ အံ့ဩစရာပဲ။ ဒီနှစ် ငှက်ပျောသီးတွေ ဈေးချို ပုံကလည်း ခေါက်ချိုးတောင်မကဘူး။ ထူးထူးခြားခြားပေါများ နေတယ်ဗျ ”

“ ပြောစမ်းပါဦးဗျာ ”

မနှစ်က ရာသီဥတုကလည်း တစ်နိုင်ငံလုံး သိသိ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သာသာ ပူပြင်းခဲ့တယ်ဗျာ။ အသီးအနှံ အစားအသောက်ဟာလည်း ရှားပါးခဲ့တာ အမှန်ပဲ။ ဒီနှစ်ကျတော့ ရာသီဥတုကလည်း မျှတတယ်၊ အသီးအရွက်၊ အသီးအနှံတွေကလည်း သန်လိုက် အောင်လိုက်တာ နေရာတကာမှာ လတ်လတ်ဆတ်ဆတ် ရှန်းရှန်းဝေနေတာဗျ "

" ပြောပါဦး "

" မိုးလေဝသမှန်ပြီး မိုးဦးကောင်းလိုက်တော့ အသား၊ ငါး၊ ပုစွန်တွေလည်း ဒီနှစ် သိသိသာသာ ပေါတယ်ဗျနော် "

" ခင်ဗျားက ငှက်ပျောသီး ဈေးချိုတယ်ဆို "

" ဩ . . . အေးအေး၊ အဲဒါပြောမလို့ပါဘဲ။ အခြားအသီးအနှံတွေ သိသိသာသာ တိုးပြီးထွက်သလိုပဲ ငှက်ပျောသီးအမျိုးမျိုးဟာလည်း ဒီနှစ် ထူးထူးခြားခြား ပေါပေါများများ ထွက်ပါတယ်ဗျာ "

" ဝမ်းသာစရာပေါ့နော် "

" မနှစ်က ဖီးကြမ်းငှက်ပျောသီး တစ်ဖီးဟာ ၆ဝိ-၇ဝိ အနည်းဆုံးပေါ့။ ဒီနှစ်မှာ ၃၅-၄ဝိဆို ဖီးကြမ်းငှက်ပျော တစ်ဖီး လှလှဝဝရနေပြီ။

" ဟုတ်တယ်၊ ဟုတ်တယ်။ ဒီနှစ် အသီးအရွက်နဲ့ အသီးအနှံက အခြားသောပစ္စည်းတွေ ဈေးတက်လာပေမယ့် မတက်တဲ့အပြင် ချိုချိုသာသာ ပေါပေါများများ ရနေနိုင်တယ် "



" ဘုရားတန်ခိုးဗျ "

" ဘယ်ဘုရားလဲ . . . "

" ဘယ်ဘုရား ရှိရဦးမှာလဲ။ တက္ကသိုလ်မောင်မောင်ကြီးလို စာပေပညာရှင်ကြီးတွေက နိုင်ငံတော်ရဲ့ မျက်နှာလို့ တင်စားခဲ့ကြတဲ့ အံ့ချီးမကုန် ရွှေတိဂုံပေါ့ "

" ဟုတ်ရဲ့လား "

" ဟုတ်တာပေါ့ သူငယ်ချင်းရ၊ ဒီနှစ် ဧပြီလထဲမှာ (မြန်မာသက္ကရာဇ် ၁၃၆၀ခုနှစ်) (၄-၄-၉၉ မှ ၆-၄-၉၉)အထိ ရွှေတိဂုံစေတီတော်မြတ်ကို သံမဏိနဲ့ ပြုလုပ်တဲ့ ရွှေထီးတော်အသစ်ကြီး အောင်အောင်မြင်မြင် တင်လှူပူဇော်ခဲ့တယ်လေ "

" ပြည်သူအများ ကြည်ညို သဒ္ဓါစိတ်နဲ့ အားလုံးပဲ သာဓုအနုမောဒနာ ပြုခဲ့ကြပေတာပဲ သူငယ်ချင်းရဲ့ "

" အဲဒီ ကုသိုလ်အဟုန်တွေဟာ လေထဲပျောက်ပြီး ကုန်သွားပါ့မလား "

" ဘယ်အဟောသိကံဖြစ်မှာလဲ၊ ကိုဝိုင်းရဲ့ "

" မှန်တယ်ဗျ။ မင်းနဲ့ ပြည်သူ ကြည်ဖြူလက်တွဲ ရွှေထီးတော်တင်လှူ ပူဇော်ပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ မေတ္တာဘာဝနာကုသိုလ် စသည်တို့ဟာ လက်ငင်းမှချ အကျိုးရတယ်လို့ ဆိုနိုင်ပေတာပဲ "

" ရန်ကုန်မှာ အသီးအနှံတွေ ပေါများပြီး ပြည်သူများ ဝဝလင်လင် စားသောက်ကြရတာဟာ ဟောဒီ မဟာ

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပထဝီမြေကြီးရယ်၊ မိုးလေဝသ အခြေအနေရယ်၊ မမြင်နိုင်တဲ့ နတ်မြတ်နတ်ကောင်းတွေက ကူညီမစကြတယ်လို့ ပြောရင် မှားမလား ”

“ မမှားပါဘူး။ ယူသော် ရကောင်းပါ၏ ”

“ ကိုဝိုင်းပြောတာ သဘောပေါက်ပြီ လက်ခံပြီ။ ဒီနှစ် ငှက်ပျောသီး၊ ဩဇာသီး၊ သရက်သီးနဲ့တကွ အသီးအနှံ၊ အသီးအရွက်တွေ ပေါပေါဖြိုင်ဖြိုင်၊ လှိုင်လှိုင်ဖြိုးဖြိုး ထွက်ရှိတာဟာဖြင့် ပြည်သူအများရဲ့ ကုသိုလ်ကောင်းမှု အစုစုရဲ့ အကျိုးပေပဲ ”

“ ကောင်းမှုပြုက ကောင်းကျိုးရတဲ့ နိယာမပေါ့ဗျာ ”

ချစ်နိုင်(စိတ်ပညာ)
မြတ်ဓမ္မ သာသာရေးဆောင်းပါးပေါင်းချုပ်
၂၀၀၀ပြည့်နှစ်

♣ ♣ ♣



# ပညာဖြင့် အသက်မွေးပါ

“ ကိုအောင်ရေ ”

“ ဗျာ . . . ကိုဝိုင်း ”

“ အောင်ခြင်းရှစ်ပါးဆိုတာ ကြားဖူးပါသလား ခင်ဗျာ ”

“ ဟုတ်ကဲ့ ကြားဖူး၊ မှတ်ဖူးပါရဲ့ခင်ဗျာ ”

“ တစ်ဆိတ်ပြောပြစမ်းပါဦးသူငယ်ချင်းရာ ”

“ (၁) မာရ်နတ် (၂) အာဠဝကဘီလူး (၃) နာဠာဂီရိဆင် (၄) ပနန္ဒောပနန္ဒနဂါး (၅) . . . . ”

“ ဟုတ်ပြီ ဟုတ်ပြီ ထားပါတော့။ ကိုအောင် သိပြီးသားပဲမို့ ထားလိုက်ကြစို့။ အဲဒီထဲမှာ အာဠဝကနတ်ဘီလူးကြီး ဘယ်လောက်တန်ခိုးကြီးသလဲ သိသလား ”

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" မှန်တာပြောရရင် ရေရေရာရာ တိတိကျကျ မသိလှပေါင် ကိုဝိုင်းရာ . . . "

" အာဠွာဝကဆိုတာ သာမန်ဘီလူးကြီးမျှသာ မဟုတ်ဘူးဗျ။ နတ်သဘင်အစည်းအဝေးသို့ တက်ခွင့်ရှိတဲ့ နတ်ဘီလူးခင်ဗျ။ တန်ခိုးအာဏာ မသေးလှဘူး။ အခြံအရံ များလည်းရှိတဲ့ နတ်ဘီလူးမင်းဖြစ်ပါသတဲ့ဗျာ "

" ပြောပါဦးသူငယ်ချင်းရာ "

" သူဟာ ရက်စက်ကြမ်းကြုတ်တယ်။ လက်နက် ခွန်အား အလွန်တရာ ကြီးမားတယ်။ ဒေါသမာန် အလွန်ပဲ ခက်ထန်တယ်တဲ့ "

" ကြောက်စရာပါကလား "

" ထို့ပြင် ဉာဏ်ပညာအရာမှာလည်း ထုံထုံအအထဲ ကတော့ မဟုတ်ဘူးခင်ဗျာ့။ သူ ဂေါတမမြတ်ဗုဒ္ဓကို မေးတဲ့ မေးခွန်းတွေကို ချိန်ဆကြည့်ရင်ပဲ သူလည်း မခေတဲ့ ပုဂ္ဂိုလ် တစ်ယောက်ဆိုတာ သိရလောက်တယ် "

" ဆက်ပါဦးဗျာ "

" မြတ်စွာဘုရားက အာဠွာဝကဘီလူးမင်း နတ် သဘင်အစည်းအဝေးသွားနေစဉ် အာဠွာဝကရဲ့ ဗိမာန်ကိုဝင် ပြီး အာဠွာဝကရဲ့ မိဘုရားများနဲ့ သင်တင့်လျောက်ပတ်သော စကားများကို မိန့်ကြားနေပါသတဲ့ "

" ဟာ . . . ဒါဆို သူ စိတ်ဆိုးစရာပေါ့ "

" အာဠွာဝကဘီလူးမင်းရဲ့ တံခါးပေါက်စောင့်တဲ့



ဂဒြဘာဘီလူးက သူ့တာဝန်ဖြစ်မှာ ကြောက်လို့ အာဠွာဝက ဘီလူးရှိရာ နတ်သဘင်အစည်းအဝေးထိအောင် ပြေးလိုက် လာပြီး ဘုရားရှင်ရောက်နေကြောင်း သတင်းပို့ ပြောပြတယ် "

" ဟောဗျ၊ ယမ်းပုံမီးကျ ဒေါသဖြစ်ပြီပေါ့ "

" အာဠွာဝကဘီလူးမင်းကြီး အစည်းအဝေးခန်းမ ဆောင်ထဲမှာ မျက်နှာကြီးနီရဲပြီး စိတ်အကြီးအကျယ် ဆိုးလို့ နေပြီ။ ဒါပေမယ့် ရှက်လို့ သူ့တပည့် ဂဒြဘကို ရှူးတိုးတိုး ပြောလို့ တိတ်တိတ်နေခိုင်းသတဲ့ "

" နတ်သဘင်အစည်းအဝေးမို့ သူ့ဒေါသကို ဘရိတ်အုတ်ထားတာပေါ့လေ "

" ဒီအချိန်မှာ နောက်ကျပြီးမှ အစည်းအဝေးခန်းထဲ ဝင်လာကြတဲ့ သာတာဂီရိနဲ့ ဟေမဝတနတ်မင်းကြီးတို့က အာဠွာဝကရဲ့ ဗိမာန်မှာ မြတ်စွာဘုရားသီတင်းသုံးနေတာ မြင်ခဲ့ကြရလို့ ကောင်းကင်ထက်မှ ဘုရားကို ကျော်ပြီး မသွား နိုင် ကြတာကြောင့် မြတ်စွာဘုရားကို ဝင်ဖူးမြော်ခဲ့ရကြောင်း အားရဝမ်းသာ သတင်းပေးပြန်ပါလေရော "

" ဟော . . . မီးပုံထဲ ဓာတ်ဆီပက်ပြန်ပြီကော "

" အာဠွာဝကဘီလူးမင်း၊ အမြန်သွားဖူးလေလို့ အော်ကြီးဟစ်ကျယ်စေတနာနဲ့ တိုက်တွန်းလေလေ ဒီက ဘီလူးကြီးမှာ ဒေါသမီးတွေ တောက်လောင်လေလေ "

" ဒါပေါ့ . . . ဒါပေါ့ "

" အာဠွာဝကဟာ ဒေါသအမျက် ချောင်းချောင်း

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထွက်ပြီး မြတ်စွာဘုရားကို ကြိမ်းမောင်းတော့တာကိုး ”

“ ဒီတော့ . . . . ”

“ သာတာဂီရိနဲ့ ဟေမဝတနတ်မင်းကြီးတို့က ဟာ - ကိုယ့်လူ ကျုပ်တို့ဆရာ မြတ်စွာဘုရားနဲ့ ယှဉ်ရင် ခင်ဗျား ဟာ ခြင်္သေ့မင်းနဲ့ မြေခွေးအို၊ နွားလားဥသဘနဲ့ ဖွားစနွားငယ်၊ ဆင်ပြောင်ကြီးနဲ့ ဖွားစ ဆင်ငယ်၊ ယူဇနာတစ်ရာငါးဆယ်ရှိတဲ့ ဂဠုန်မင်းနဲ့ အတောင်ပြတ်တဲ့ ကျီးလိုနေမှာပေါ့။ ယှဉ်လိုက ယှဉ်ချေ၊ စမ်းလိုက စမ်းချေလို့ (အမြင်ကပ်ကပ်နဲ့) ချဲလိုက်ကြသတဲ့ ”

“ ဒေါသပေါက်ကွဲပြီပေါ့နော် ”

“ ငါဟေ့ အာဠဝကတဲ့ဟေ့ဆိုပြီး ကြုံးဝါးလိုက်တဲ့ အသံကြီးဟာ ဟိမဝန္တာပတ်ဝန်းကျင်အိမ်ပေါက်စေ့တွင် လူတိုင်းရဲ့ နားဝမှာကပ်ပြီး အော်လိုက်သကဲ့သို့ နားကွဲလုမတတ် ထိတ်လန့်ကြောက်ရွံ့စရာ ကြားလိုက်ရသတဲ့ဗျို့။

(၁) လေပြင်းတွေတိုက်စေလိုက်ရာ သစ်ပင်ကြီးငယ်တွေ မှုန့်မှုန့် ညက်ညက်ကျေကုန်ပါလေရော။ သို့သော် မြတ်စွာဘုရားရဲ့ သင်္ကန်းစပင် မလှုပ်ဘူးတဲ့ ”

“ ဟ . . . အံ့သြစရာပဲ ”

“ ဒါကို အာဠဝက, က မြင်တော့ ဒေါသပိုဖြစ်ပြန်တယ်။

(၂) ကြောက်မက်ဖွယ်ရာမိုးကြီး သည်းထန်စွာရွာချစေပြန်တယ်။ သစ်ပင်တောင်ကမ်းများအားလုံး မြုပ်ကုန်တယ်။



သို့သော် မြတ်စွာဘုရားသခင်ရှိရာသို့ မိုးတစ်ပေါက်မျှ တစ်စက်မှ မရွာဘူးတဲ့ ”

“ အလို့ အံ့အားသင့်စရာပဲ ”

(၃) ဥသျှစ်သီးခန့်ရှိတဲ့ ကျောက်စရစ်မိုးများ ရွာချစေသော်လည်း မြတ်စွာဘုရားထံမှောက်၌ ပန်းပေါက်ပေါက်များဖြစ်ကုန်သတဲ့။

(၄) သင်တုန်းဓားမိုး၊

(၅) သန်လျက်ဓားမိုး၊

(၆) မီးခဲ၊

(၇) ပြာပူမိုး၊

(၈) သဲမိုး၊

(၉) ရွံ့မိုးများ ရွာစေခဲ့ရာ ပန်းအမျိုးမျိုးနဲ့ နံ့သာရည် နံ့သာခဲများ ဖြစ်ကုန်ပါသတဲ့။ ”

“ အာဠဝကကြီး မောရောပေါ့ ”

“ အဲသလို လက်နက် (၉)မျိုးနဲ့ တိုက်ခိုက်ပြီးလို့ မနိုင်တော့ အမိုက်တိုက်ကြီး ဖန်ဆင်းပြန်ရာမှာ မြတ်စွာဘုရားသခင်ရှိရာမှာ လင်းထိန်နေသတဲ့ ”

“ ကြည်ညိုစရာပေါ့နော် ”

“ အာဠဝကဘီလူးကြီးက ဘီလူးစစ်သည်တွေကို ခေါ်ပြီး မြတ်စွာဘုရားသခင်ထံ ပြေးဝင်တိုက်ခိုက်စေပြန်သတဲ့ ”

“ ဟုတ်လား ”

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



" ဒါပေမယ့် မရပါဘူး။ သံတွေ သံခဲနားကို ယင်ကောင်မကပ်ဝံ့သလိုပါပဲ။ မြတ်စွာဘုရားရဲ့ အနီးအပါးသို့ မချဉ်းကပ်နိုင်ကြပါဘူးတဲ့ "

" ဘီလူးကြီးအစွမ်းကုန် ကြမ်းရမ်းတာပေါ့နော် "

" မပြီးသေးဘူး၊ နောက်ဆုံးမှာ သူ့ရဲ့ အပြင်းထန်ဆုံးလက်နက်ဖြစ်တဲ့ ဘွဲ့ဖြူလက်နက်ကို အသုံးပြုပြီး ဘုရားရှင်ကို တိုက်ခိုက်တော့တာပဲ "

" ဘာလဲဗျ၊ ဘွဲ့ဖြူလက်နက်ဆိုတာက ဘယ်လိုအစွမ်းထက်တာလဲ "

" ဘွဲ့ဖြူလက်နက်ဆိုတာ အဝတ်ပုဆိုးကဲ့သို့ အရာလို့ ပြောတာပဲ။ ကောင်းကင်ကို ပစ်တင်ရင် ၁၂နှစ်တိုင်တိုင် မိုးခေါင်စေတယ်၊ မိုးမရွာစေနိုင်။ မြေပြင်ကိုပစ်သော် ၁၂နှစ်တိုင်တိုင် ဘာအပင်မှ မပေါက်နိုင်။ မဟာသမုဒ္ဒရာထဲသို့ ပစ်ချသော် သမုဒ္ဒရာရေ တစ်စက်တစ်ပေါက်မှ မကျန်အောင် ခမ်းခြောက်စေနိုင်တယ် "

" တယ်လဲ ပြင်းထန်လိုက်ပါလား "

" အဲဒီ ဘွဲ့ဖြူလက်နက်နဲ့ မြတ်စွာဘုရားကို ပစ်လိုက်တာ မြတ်စွာဘုရားရှေ့တော်မှောက်မှာ ခြေသုတ်ပုဆိုး ဖြစ်သွားသတဲ့ "

" မြတ်စွာဘုရားရဲ့ အတုမရှိတဲ့ တန်ခိုးတော်။ တစ်ရက်လုံးလုံး၊ တစ်ညလုံးလုံး သူချေမှုန်းပေမယ့် လုံးဝထိရောက်မှု မရှိပါလား။



" အာဠဝကဟာ မာန်ကျသွားပြီ။ တိုက်ပွဲကို သူကပြန်လည်သုံးသပ်တဲ့အခါ မြတ်စွာဘုရားရဲ့ ကြီးမားတော်မူလှတဲ့ မေတ္တာဓာတ်ရဲ့ တန်ခိုးကို သူတွေ့သွားတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားမေတ္တာပျက်အောင် လုပ်မှပဲလို့ အကြံရတယ်။ "

" ဟောဗျာ "

" ရဟန်းကြီးဂေါတမ၊ အရှင့် ခွင့်မပြုတဲ့ ဗိမာန်ကို ဘာ့ကြောင့် ဝင်ရသလဲ။ မိန်းမများနဲ့ဘာ့ကြောင့် စကားစမည် ပြောရသလဲ၊ ရဟန်းနဲ့ မိန်းမ အရာလား။ အပ်စပ်သလား။ သူတော်ကောင်းဟု ဝန်ခံပြီး ဘာကြောင့် မမြတ်မတန်ရာတွေ လုပ်နေတာလဲ စသဖြင့် မေတ္တာပျက်ရန်၊ ဒေါသထွက်ရန် ဆွတာပေါ့လေ "

" မြတ်စွာဘုရားက ဘာ မိန့်တော်မူသလဲ "

" အေး - အချင်း အာဠဝက၊ သင်မနေစေလိုကယခုပင် ငါထွက်ပါအံ့လို့ ဆိုတယ် "

" ဒီတော့ -

ဒီရဟန်းဟာ ငါ့စကားကို နာယူလွယ်လှတယ်။ စမ်းကြည့်ဦးမယ်ဆိုပြီး , " ရဟန်းကြီး ပြန်ဝင်ပါဦး " လို့ ပြောပြန်တယ်။ မြတ်စွာဘုရားက အာဠဝကပြောတဲ့အတိုင်း ပြန်ဝင်သွားသတဲ့။ နောက်တစ်ခါ ငါပြောတဲ့အတိုင်း ထွက်လာရင် ခြေထောက်ကို ကိုင်ပြီး သမုဒ္ဒရာရဲ့ ဟိုဘက်ကို ရောက်အောင်ပစ်ပေါက်လိုက်မယ်လို့ကြံကာ ထွက်ခဲ့ဦးလို့ ဆိုသတဲ့ "

စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



“ ဒီအခါမှာ - ”

“ ဘုရားရှင်က မထွက်တော့ဘူး။ လာလေထွက်ခဲ့လေဆိုပေမယ့် ဘုရားက မထွက်ဘူး။ ငါထွက်လာရင် အသင်က ခြေနှစ်ချောင်းကို ကိုင်ပြီး မဟာသမုဒ္ဒရာဟိုဘက် ရောက်သွားအောင် လွှင့်ပစ်မယ် မဟုတ်လား၊ မြတ်စွာဘုရားကမေးတော့ အာဠဝကကြီး ဖြုံသွားသတဲ့။ အလို ငါ့စိတ်ထဲကြံနေသမျှ သူက သိနေပါကလား။ လက်ရုံးရည်နဲ့တိုက်လို့ မရရင် နှလုံးရည်နဲ့ တိုက်ရတာပ။ ဈာန်ပျံ့ရသေ့များကိုတောင် ပြဿနာမေးပြီး နှိပ်စက်ကာ ရူးသွပ်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့ ဘီလူးပါ။ မေးခွန်းမေးခွင့်ပြုပါ လျှောက်ထားတယ် ”

“ မြတ်စွာဘုရားက ဘာပြောသလဲဗျာ ”

“ မေးပါတဲ့။ သင်သိလိုရေးနဲ့ မေးသမျှ ဖြေပေးမယ်တဲ့ ”

“ အာဠဝကမေးတဲ့ အမေးတွေဟာ ခဲရာခဲဆစ်တွေနေမှာပေါ့ ”

“ မှန်ပါတယ်။ ဉာဏ်ပညာအရာ အတုမရှိမြင်သိနှံ့စပ်တော်မူလို့သာ ကောင်းစွာဖြေနိုင်တာဖြစ်ပါတယ်။ အလွန်တန်ဖိုးရှိတဲ့ အဖြေတွေပါဗျာ ”

“ အစုံအလင် မဟုတ်တောင် နမူနာ အမြည်း နည်းနည်းလေးပြောပါဦးဗျာ ”

“ အသက်မွေးခြင်းတကာတို့မှာ အဘယ်မည်သော



အသက်မွေးခြင်းကို မြတ်သည်ဟု ဆိုပါမည်နည်းလို့ မေးတာကို မြတ်စွာဘုရားသခင်က , အသက်မွေးခြင်းတကာတို့တွင် ပညာဖြင့် အသက်မွေးခြင်းကို မြတ်၏ဟူ၍ လိမ္မာကုန်သော ပညာရှိတို့ ဆိုကုန်ကြ၏တဲ့ ဖြေခဲ့တယ် ”

“ ကောင်းလိုက်တာဗျာ၊ သာဓု သာဓု သာဓု ”

“ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အဘယ်သို့သောအကြောင်းကြောင့် ထူးခြားသောပညာကို ရပါသနည်းလို့ မေးတာကိုတော့ မြတ်စွာဘုရားက ချစ်သားအာဠဝက- (၁) ပူဇော်ထိုက်သူတို့ ဟောပြောအပ်သောတရားကို ယုံကြည်စွာမှတ်သားနာယူ၊ ကျင့်ဆောင်ခြင်း (၂) မမေ့မလျော့ မပေါ့သော သတိရှိခြင်း (၃) စုံစမ်းတိုင်းထွာ စာနာကြံစည်လေ့ရှိခြင်း၊ ဤအကြောင်းသုံးပါးဖြင့် ထူးသောပညာကို ရနိုင်ဘိသည်လို့ ဖြေကြားတော်မူပါသတဲ့။ ”

“ သာဓုဗျာ၊ သာဓု သာဓု ”

“ အာဠဝကသုတ္တံထဲက ကောက်နှုတ်ပြီး အနှစ်ချုပ်တင်ပြခြင်းမျှသာဖြစ်ပါတယ်။ အကျယ်ကိုတော့ သိလို ရာကျမ်းစာများမှာ ဆက်လက်ရှာဖွေလေ့လာတွေ့ရှိနိုင်ပါကြောင်းဖော်ပြပါရစေ ”

“ ကောင်းပါပြီ သူငယ်ချင်း ”

**ချစ်နိုင်(စိတ်ပညာ)**

**၃၀-၁၁-၂၀၀၂**

♣ ♣ ♣

*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*

http://sagarwarmyae.net/ စကားဝါမြေအွန်လိုင်း စာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။




*စာအုပ်များကို ထပ်မံကြည့်ရှု လိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးအား ဖိတ်ခေါ်ပါသည်။ (စကားဝါမြေ)*